# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 20 May 2026 ၁၂၁၈၄


# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည့် စီမံကိန်းများအပါအဝင် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကိစ္စများ၊ အွန်လိုင်းလောင်းကစား၊ အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညိုစောနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးခင်လတ်၊ ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



# ပြည်ပခရီးသွားများ မြန်မာနိုင်ငံ၏ခရီးသွားဒေသများကို ပိုမိုသိရှိလည်ပတ်နိုင်စေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၉

လာမည့်ခရီးသွားရာသီ၌ ပြည်ပနိုင်ငံများမှခရီးသွားများ မြန်မာ့အလှနှင့် ယဉ်ကျေးမှုဒေသများကို ပိုမိုသိရှိလည်ပတ်နိုင်စေရန်နှင့် မြန်မာ့ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို ဇွန်လဒုတိယပတ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✣



ပြည်ပခရီးသွားများအား ဆွဲဆောင်လျက်ရှိသည့် မြန်မာ့သဘာဝအလှရှုခင်းကို တွေ့ရစဉ်။


**ယနေ့ ဖတ်စရာ**

**တရားဥပဒေစိုးမိုးရေးအထောက်အကူပြု စံနမူနာရှေ့နေ၊ဥပဒေရုံး**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက် မိဘအုပ်ထိန်းသူများထံ စနစ်တကျ လွှဲပြောင်းအပ်နှံ**

စာမျက်နှာ » ၉

**နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး ကျင်းပ**

စာမျက်နှာ » ၁၀





ကြေးမုံ

# သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ကြိုတင်ပြင်ဆင်သတိပြုကာကွယ်

မြန်မာနိုင်ငံတွင် ယခုအချိန်အခါကာလ၌ ပူပြင်းသောနွေရာသီမှ စွတ်စိုသည့် မိုးဦးကျကာလသို့ ရောက်ရှိလာပြီဖြစ်သည်။ ထိုကာလ ရာသီဥတုပြောင်းလဲမှု စပ်ကူးမပ်ကူးအချိန်၌ ပူပြင်းသည့်အပူရှိန်ကို ဆက်လက်ခံစားရသလို အပူရှိန်မှ ဖြစ်ပေါ်လာသည့် လေပွေလှိုင်းများနှင့်အတူ မိုးတိမ်တောင်များကြောင့် မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်၌ မိုးရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ ဖြစ်ပေါ်လျက်ရှိသည်။ ယခုအခါ လေပြင်းတိုက်ခတ်သည့် သဘာဝဘေးငယ်များ ကြုံတွေ့လျက်ရှိစဉ် ငလျင်လှုပ်ခတ်မှုကိုပါ တွေ့ကြုံလာသည်။

မေ ၁၈ ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်၏ တောင်ဘက် ကိုးမိုင်ခန့်အကွာကို ဗဟိုပြု၍ ပမာဏ ၅ ဒသမ ၂ အဆင့် အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခဲ့သည်။ တစ်ဆက်တည်း မိနစ်အနည်းငယ်အကြာ၌ အဆိုပါနေရာနှင့် မနီးမဝေးတွင် ပမာဏ ၃ ဒသမ ၂ အဆင့်ရှိသော အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟုဆိုသည်။ ထိုနေ့တွင်ပင် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဂန့်ဂေါမြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်ရှားသွားခဲ့ပြီး ယင်းမာပင်မြို့ အနောက်ဘက်တွင်လည်း ငလျင်ငယ်တစ်ခု လှုပ်ခတ်သွားသည်။ ယခုကာလတွင် ငလျင်လှုပ်ခတ်မှု မကြာခဏဖြစ်သဖြင့် မဖြစ်ခင်က ကြိုတင်သတိပြု ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

အဆိုပါ ၅ ဒသမ ၂ အဆင့် အင်အားအသင့်အတင့်ရှိသည့် မြေငလျင်လှုပ်ရှားသည့် အချိန်တွင် ရန်ကုန်မြို့နေ ပြည်သူအများစုမှာ စိုးရိမ်ထိတ်လန့်မှုများဖြစ်ခဲ့ကြသည်။ တိုက်တာအဆောက်အအုံများပေါ်မှ ပြည်သူများ လမ်းမများပေါ်သို့ဆင်း၍ သတိပြုနေကြရသည်။ ရန်ကုန်မြို့အနေဖြင့် မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးနောက် ငလျင်ငယ်များနှင့် ကြုံတွေ့ဖူးလျက်ရှိသည့်အနက် ယခုလှုပ်ခတ်သောငလျင်သည် အင်အားအပြင်းဆုံးဟုဆိုကြသည်။ ယမန်နှစ် မတ်လ ၂၈ ရက်နေ့က မန္တလေး ငလျင်ကြီးလှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံအလယ်ပိုင်း မြို့ကြီးများရှိ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ပြီး လူထိခိုက်သေဆုံးမှုများရှိခဲ့သည်။ အဆိုပါဖြစ်ရပ်ဆိုးသည် ငလျင်နှင့်ပတ်သက်၍ ပြတ်ရွေ့ကြောပေါ်ရှိ မြို့ကြီးများအတွက် အဆောက်အအုံများ ခိုင်ခံ့မှုနှင့် ငလျင်လှုပ်ခတ်ပါက သတိပြုရမည့်အချက်များကို သတိပေးထားသလို ဖြစ်သည်။

စစ်ကိုင်းပြတ်ရွေ့ကြောဟုခေါ်ဆိုသည့် မြန်မာနိုင်ငံ မြောက်မှတောင်သို့ ဖြတ်သန်းလျက်ရှိသော ငလျင်ပြတ်ရွေ့ကြောကြီးသည် စစ်ကိုင်း-မန္တလေး-ဖြူး-ပဲခူး-ရန်ကုန်-မုတ္တမကွေ့အထိ ဖြတ်သန်းလျက်ရှိသည်။ အဆိုပါငလျင်ကြောပေါ်ရှိ နေရာဒေသများအလိုက် ငလျင်ပမာဏအဆင့်ဆင့်ကို သက်ဆိုင်ရာပညာရှင်များက တိုင်းတာသတ်မှတ်ကြရာတွင် ရန်ကုန်မြို့အနေဖြင့် အင်အားပမာဏ အလယ်အလတ်အဆင့်တွင်ရှိနေသည်ဟု သိရသည်။ ရန်ကုန်မြို့သည် လူဦးရေ ခုနစ်သန်းကျော်နေထိုင်လျက်ရှိပြီး နေထိုင်ကြသည့် အဆောက်အအုံအများစုသည် အထပ်မြင့်များဖြစ်ကြသည်။ အဆောက်အအုံများမှာ အသစ်များရှိသလို သက်တမ်းလွန် အဟောင်းများလည်းရှိရာ အရည်အသွေးပြည့်ဝမှုမရှိ၊ ခိုင်ခံ့မှုမရှိသော အဆောက်အအုံများအတွက် သတိပြုစရာဖြစ်သည်။ ယခု ရန်ကုန်မြို့တွင် လှုပ်ခတ်ခဲ့သည့်ငလျင်နှင့်ပတ်သက်၍မူ ငလျင်ပညာရှင်များ လေ့လာသုံးသပ်ချက်အရ စစ်ကိုင်းပြတ်ရွေ့မှ ဖြစ်ပေါ်သည့်ငလျင်မဟုတ်ဘဲ ၎င်းပြတ်ရွေ့အနီး ပြတ်ရွေ့ခွဲလေးမှ လှုပ်ရှားမှုဖြစ်၍ အထူးစိုးရိမ်ဖွယ်ရာမရှိပေ။ သို့သော် သတိဟူသည် ပိုသည်မရှိ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် သင်ခန်းစာယူစရာများနှင့် အတွေ့အကြုံကောင်းများ ရရှိခဲ့ပြီးဖြစ်သည်။ အဆောက်အအုံများနှင့်ပတ်သက်၍ ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများဆောက်လုပ်နိုင်မှု အားနည်းချက်များကိုလည်း တွေ့ရသည်။ ပြည်သူများအနေဖြင့် ငလျင်မလှုပ်ခတ်မီ၊ လှုပ်ခတ်စဉ်၊ လှုပ်ခတ်ပြီးအခြေအနေသုံးရပ်၌ လိုက်နာဆောင်ရွက်ရမည့်အချက်များ အားနည်းခဲ့သည်ကိုတွေ့ရသည်။ ထို့ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုနှင့် လူအသေအပျောက်များခဲ့သည်ကို သင်ခန်းစာယူဖွယ် တွေ့ရှိခဲ့ရပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်ကိုင်းပြတ်ရွေ့ကြောကြီးရှိသည်ကို သတိပြုရမည်ဖြစ်သည်။ စစ်ကိုင်းပြတ်ရွေ့ကြောမှ ငလျင်လှုပ်ခတ်ခြင်းမရှိသေးသော်လည်း အကယ်၍ ဖြစ်ပေါ်လာပါက ငလျင်ဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးမှု အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကြုံတွေ့ခံစားနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုကာလရာသီဥတုအနေအထားအရ ဖြစ်ပေါ်လာတတ်သည့် ရေကြီးရေလျှံမှု၊ မုန်တိုင်းတိုက်ခတ်မှု၊ ငလျင်လှုပ်ခတ်မှုစသည့် သဘာဝဘေးအန္တရာယ်များကို သတိမမေ့မလျော့ဘဲ ပြုလုပ်သင့်ပြုလုပ်ထိုက်သည့် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိရေး၊ ကြိုတင်ကာကွယ်ရေးတို့ကို ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။ ။

## နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

၁။ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ဖြစ်ပေါ်နိုင်သည့် အခြေအနေများနှင့်စပ်လျဉ်း၍ စင်ကာပူနိုင်ငံအခြေစိုက် အာဆီယံ မိုးလေဝသစောင့်ကြည့်လေ့လာရေးဗဟိုဌာန (ASEAN Specialized Meteorological Center – ASMC) မှ ထုတ်ပြန်ချက်များအရ-

(က) ၂၀၂၆ ခုနှစ်၊ မေလ ၇ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့်(၂)မှ အဆင့် (၁) သို့ လျှော့ချသတ်မှတ်ခဲ့ကြောင်း၊

(ခ) လွန်ခဲ့သောရက်များအတွင်း မဲခေါင်ဒေသခွဲတွင် စိုစွတ်သောရာသီဥတု ဖြစ်ပေါ်ခဲ့ပြီး Fire Hotspot နှင့် မီးခိုးမြူငွေ့ဖြစ်ပေါ်မှု လျော့နည်းခဲ့ကြောင်း၊

(ဂ) လာမည့်လများတွင် မုတ်သုံကြားကာလ အခြေအနေမှ အနောက်တောင်မုတ်သုံ အခြေအနေသို့ ကူးပြောင်းမည်ဖြစ်ပါသောကြောင့် မဲခေါင်ဒေသခွဲ၏ နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုများ ဖြစ်ပေါ်မည်ဟု ခန့်မှန်းရကြောင်း၊

(ဃ) ASMC ၏ စောင့်ကြည့်လေ့လာမှု၊ ဆန်းစစ်မှုနှင့် ခန့်မှန်းချက်များအရ ၂၀၂၆ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှစတင်၍ မဲခေါင်ဒေသခွဲအတွက် သတိပေးချက်အဆင့် (၁) မှ အဆင့် (၀) (ခြောက်သွေ့ရာသီကာလကုန်ဆုံးခြင်း)သို့ ရောက်ရှိကြောင်း။

၂။ ASMC ၏ သတင်းအချက်အလက်များအရ မြန်မာနိုင်ငံတွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလမှ မေလ ၁၆ ရက်နေ့အထိ Fire Hotspot ဖြစ်ပေါ်မှုသည် ၂၀၂၅ ခုနှစ်ထက် (၁) % ပိုမိုဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄ ခုနှစ်ထက် (၁၁) % လျော့နည်းစွာ ဖြစ်ပေါ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

**မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ**

## (၁၉-၅-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈~၃၆၆၉ | ၅၇၈~၅၅၈.၇ | ၁၂၄.၉~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၂၇,၉၅၈.၈၁ | ၂၅,၈၀၅,၈၄၇.၁၂ | ၁၂၄,၇၂၃,၉၉၁.၁၃ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ တိရစ္ဆာန်အစာ၊ စားသုံးကုန်စည်တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၄၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၅၂ သန်းကိုလည်းကောင်း၊ Non Trade ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၃၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉ - ၅ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၃,၅၀၀ | ၁၄,၀၀၀ | ၁,၇၀၄ | ၂၃,၀၀၅,၀၀၀ |
| MTSH | ၆,၅၀၀ | ၆,၅၀၀ | ၂,၈၅၀ | ၁၈,၅၆၃,၄၀၀ |
| MCB | ၉,၃၀၀ | ၉,၄၀၀ | ၁,၁၀၃ | ၁၀,၂၅၈,၂၀၀ |
| FPB | ၄,၅၀၀ | ၄,၅၀၀ | ၂,၅၂၃ | ၁၁,၃၅၃,၅၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၈ | ၂၆,၄၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၂,၈၃၃ | ၄,၉၅၇,၇၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၀၀ | ၁၇၅ | ၆၈၂,၅၀၀ |
| MAEX | ၄,၂၀၀ | ၄,၁၀၀ | ၃,၃၅၀ | ၁၃,၇၃၆,၅၀၀ |
| MADPL(PLB) | ၄,၀၀၀ | ၄,၀၀၀ | ၁,၅၃၇ | ၆,၁၄၈,၀၀၀ |
| ASPGB(PLB) | ၃၈,၀၀၀ | ၃၉,၀၀၀ | ၂၂၅ | ၈,၅၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့မျက်နှာစာတွင် မြန်မာနိုင်ငံ အပေါ် အစဉ်အမြဲအားပေး ထောက်ခံခဲ့ပါကြောင်း၊ မန္တလေး ငလျင်ကြီး ဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံး လာရောက်ကူညီ ထောက်ပံ့ပေးခဲ့သည်များကိုလည်း ကျေးဇူးတင်အသိအမှတ်ပြုလျက် ရှိပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံသည် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး အေးအတူ ပူအမျှ အသိုက်အဝန်းတစ်ရပ် တည်ထောင်ရေးလုပ်ငန်းများကို ထောက်ခံပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံ လွှတ်တော် အချင်းချင်း ပိုမိုရင်းနှီးနီးကပ်စွာ ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ လွှတ်တော်အနေဖြင့် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲမှ တစ်ဆင့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေးမဏ္ဍိုင်(၃)ရပ် ပေါ်ထွက်လာခဲ့ပြီး မိမိအနေဖြင့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သည့် လွှတ်တော်တွင် လွှတ်တော်ဥက္ကဋ္ဌ အဖြစ် ရွေးချယ်ခံရပါကြောင်း၊ လွှတ်တော်သည် သက်ဆိုင်ရာ မဲဆန္ဒနယ်အသီးသီးမှ ပြည်သူတို့၏ ဆန္ဒနှင့်အညီ ရွေးချယ်တာဝန်ပေးအပ်ထားသည့် ပြည်သူ့ ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသော နေရာတစ်ခုဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် အဓိကတာဝန်ကြီး (၄)ရပ်ရှိပြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများကို ရွေးချယ်ပေးရခြင်း၊ ဥပဒေပြုရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ အေးချမ်းလုံခြုံစွာ နေထိုင်နိုင်ရေးတို့အတွက် မဏ္ဍိုင်ကြီး (၃)ရပ်အကြား အချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများကို ပြည်သူများ နားလည်ပူးပေါင်း ဆောင်ရွက်နိုင်စေရန် ပြည်သူကိုကိုယ်စားပြု၍ ကြားခံဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ရပါကြောင်း။

အဆိုပါလွှတ်တော်ကို အားဖြည့်ဆောင်ရွက်ပေးသည့် အမြဲတမ်းကော်မတီ(၄)ရပ်ရှိပါကြောင်းနှင့် လာမည့် လွှတ်တော်ကာလတွင်လည်း ယာယီကော်မတီများ ဖွဲ့စည်း၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လိုအပ်ပါကလည်း ကော်မရှင်နှင့်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုအတွက် ရက် (၁၀၀) စီမံကိန်းချမှတ်၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မိမိတို့လွှတ်တော်အနေဖြင့်လည်း လိုအပ်သည့်နေရာမှ ပေါင်းစပ်ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး အွန်လိုင်းလိမ်လည်မှုများနှင့် ပတ်သက်၍ ထိထိရောက်ရောက် တားဆီးနှိမ်နင်းနိုင်ရေးအတွက် အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းရေးဆွဲ၍ ဆောင်ရွက်ထားပြီးဖြစ်သည့်အပြင် လွှတ်တော်အနေဖြင့်လည်း ယခုကျင်းပမည့် ဒုတိယ ပုံမှန်အစည်းအဝေးတွင် အဆိုပါ အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဥပဒေမူကြမ်းအား ဥပဒေအဖြစ်ပြဋ္ဌာန်းနိုင်ရေး ဦးစားပေးဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက ယခုနှစ်တွင် စတင်မည့် (၁၅) ကြိမ်မြောက် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ခြင်း ငါးနှစ်စီမံကိန်း (၂၀၂၆-၂၀၃၀)နှင့်အညီ ပူးပေါင်း ဆောင်ရွက်မှုများ တိုးမြှင့်ပြီး တရုတ်- မြန်မာ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်း တစ်ရပ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအပေါ် အစဉ်အမြဲ အားပေးထောက်ခံခဲ့ပါကြောင်း၊ ယခု ရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်များကို တရုတ်ပြည်သူ့အမျိုးသား ကွန်ဂရက်မှ ဦးစွာဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့၍ ထောက်ခံခဲ့ပါကြောင်း၊ ဆက်လက်ပြီး နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေး ပိုမိုနက်ရှိုင်းစွာ တည်ဆောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ တက်ရောက်



**စစ်ကိုင်း မေ ၁၉**

ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်( စစ်ကိုင်း) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ် (စစ်ကိုင်း)ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့တာဝန်ကျရာဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံတိုင်းရင်းသားများနှင့် အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသား လူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံအမွေအနှစ်များကို လေးစားလိုက်နာကာ ချစ်မြတ်နိုးစွာ ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ထူးချွန်ဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်၍ ဝန်ကြီးဌာန လေးခုတို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၂၀၇ ဦးတို့ကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ မနုဿဗေဒပြခန်း၊ အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ ကွန်ပျူတာလက်တွေ့ခန်း၊ Language Lab ၊ လေးထပ်အင်ဂျင်နီယာအလုပ်ရုံ၊ မိုးလုံလေလုံအားကစားရုံဆောက်လုပ်မည့်မြေနေရာနှင့် ငါးခူမွေးမြူရေးတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ရှေ့ဖုံးမှ

ကိုဗစ်ကာလနောက်ပိုင်း ပြည်ပခရီးသွားဝင်ရောက်မှု လျော့နည်းသွားမှုကို ပြန်လည်ဖော်ဆောင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ရိုးရာဓလေ့များ၊သဘာဝအလှများ၊အပန်းဖြေကမ်းခြေများ၊ ရိုးရာအစားအစာများနှင့် ဆင်ယင်ထုံးဖွဲ့မှုများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များနှင့် ရှားပါးအပင်မျိုးစိတ်များကို လေ့လာကြည့်ရှုအပန်းဖြေနိုင်ရန် အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲကို စီစဉ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာခရီးသွားပြပွဲတွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ စပိန်၊ ပြင်သစ်၊ အီဂျစ်၊ ချက်ကိုစလိုဗာကီးယား၊ရိုမေးနီးယား၊စင်ကာပူ၊မလေးရှား၊အင်ဒိုနီးရှား၊ ကမ္ဘောဒီးယား၊ ထိုင်း၊ နီပေါ၊ ဗီယက်နမ်၊ ဘူတန်၊ ဖိလစ်ပိုင်နှင့် အခြားနိုင်ငံများမှ ခရီးသွားဆိုင်ရာ ကုမ္ပဏီများပါဝင်ပြီး မြန်မာနိုင်ငံ၏ ခရီးသွားမြှင့်တင်မှုကဏ္ဍတွင် ပုဂံ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ အင်းလေး၊ ငွေဆောင်ကမ်းခြေနှင့် အခြားခရီးသွားဒေသတို့ကို အဓိကထားဖော်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားပြပွဲတွင် ပြည်တွင်း/ပြည်ပခရီးသွားဒေသများ၊ ခရီးသွားဆိုင်ရာဆွေးနွေးပွဲများ၊ လေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ဘဏ်များနှင့် အာမခံများ၊ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာများ၊ ပြည်တွင်း/ပြည်ပခရီးသွားလုပ်ငန်းဆိုင်ရာပြခန်းများနှင့် စွန့်ဦးတီထွင်ပြခန်းများကို ပြသသွားမည်ဖြစ်ပြီး ပြပွဲကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့၌ ရန်ကုန်မြို့ Sedona Hotel တွင် ကျင်းပသွားမည်ဖြစ်သည်။

**သတင်း - ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ - ကနူး**



**ရောဝတီတိုင်း ဒေသကြီး ကျိုက်လတ်မြို့နယ် မီးသတ် ဦးစီးမှူးရုံးတွင် မေ ၁၈ ရက်က သီးသန့် မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံ မီးသတ်ပညာ သင်တန်းဖွင့်ပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင် အမှာစကား ပြောကြားစဉ်။**

မြို့နယ်(ပြန်/ဆက်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်ဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး၊ တောင်ကြီးတပ်နယ်နှင့် ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား သီးခြားစီတွေ့ဆုံအမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

**နေပြည်တော် မေ ၁၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများလိုက်ပါ၍ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်ဆိုင်ရာများ၊ နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းစစ်ဌာနချုပ်အစည်းအဝေးခန်းမ၌ တိုင်းမှူးက အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ သမိုင်းအကျဉ်း၊ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း လုံခြုံရေး၊ နယ်မြေစိုးမိုးရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေမှု အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်၏ စစ်ဦးစီး၊ စစ်ရေးနှင့် စစ်ထောက်လုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

> ☆ **Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ထက်မြက်နေရန်လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လို**
>
> ☆ **ခေတ်သစ်နည်းပညာအသုံးပြုထားသော စစ်လက်နက်ပစ္စည်းများကို ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့်ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန်လို၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်**
>
> ☆ **အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့ တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်**

ရှင်းလင်း တင်ပြမှုများအပေါ် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နယ်မြေဒေသ၏ သမိုင်းကြောင်းစဉ်လာနှင့် ပကတိ အခြေအနေမှန်များကို သိရှိနားလည်ရမည်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဒေသခံများနှင့်အတူတကွ ဝိုင်းဝန်း ဆောင်ရွက်ပေးသွားရန် လိုအပ်သည့် အခြေအနေများ၊ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ပြည့်ဝနေရန် လိုအပ်သည့်အခြေအနေများ၊ အဆင့်ဆင့်သော ခေါင်းဆောင်များ ကိုယ်တိုင် စိတ်ဓာတ်၊ စည်းကမ်းကောင်းမှ သာလျှင် တိုက်စွမ်းရည်၊ တိုက်စွမ်းအား ကောင်းမွန်သည့်တပ်များ ဖြစ်လာမည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်းစိတ်ဓာတ်၊ စည်းကမ်းနှင့် ခံယူချက်ကောင်းများရှိအောင် လေ့ကျင့် ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတပ်နယ်မှအရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဆီဆိုင်၊ ဘန်းယဉ် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ်ခန်းမ၌ လည်းကောင်း သီးခြားစီသွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး ရဲဝင်းဦးက အမှာစကားပြောကြားရာတွင် သမိုင်းအစဉ်အလာကြီးမားသော တိုင်းစစ်ဌာနချုပ်တစ်ခုဖြစ်၍ တာဝန်ထမ်းဆောင်ခွင့်ရသော အရာရှိ၊ စစ်သည်များအနေဖြင့် ဂုဏ်ယူစရာပင်ဖြစ်ကြောင်း၊ တပ်မတော်တွင် ဆင့်ကဲအုပ်ချုပ်မှုစနစ်ရှိပြီး အဆင့်လိုက်ခေါင်းဆောင်မှု တာဝန်ထမ်းဆောင်ရာတွင် ခေါင်းဆောင်မှုအင်္ဂါရပ်များနှင့်အညီ တော်တည့်မှန်ကန်စွာ ကွပ်ကဲအုပ်ချုပ်ရန်လိုကြောင်း၊ စစ်သားကောင်း တစ်ယောက်ဖြစ်အောင် နေထိုင်ခြင်း၊ စစ်သည်တော်ကျင့်ဝတ်(၆၀)ပါးနှင့်အညီ ပြုမူပြောဆိုခြင်းနှင့် တပ်ကိုတပ်နှင့်တူအောင် စနစ်တကျ ထိန်းကျောင်း ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု၏ယုံကြည်အားကိုးမှုကိုရရှိမည်ဖြစ်ကြောင်း၊ တရားသောစစ်ကို အောင်နိုင်ခြင်းသည် ပြည်သူ၏ အားကိုးယုံကြည်မှုကို ရရှိမည်ဖြစ်ပြီး တပ်မတော်သည် နိုင်ငံ၏ Last Defence ဖြစ်၍ ခိုင်ခိုင်မာမာ တည်ဆောက်နေရန် လိုကြောင်း။

နိုင်ငံတော်အတွက် အကျပ်အတည်း အချိန်ကာလများတွင် တပ်မတော်သည် အသင့်ဖြစ်ခဲ့၍ တိုင်းပြည်ပြိုကွဲမည့် အန္တရာယ်မှ အချိန်မီ တားဆီးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ အမြဲအသင့်ဖြစ်နေရန် စွမ်းရည်ထက်မြက်သော တပ်မတော်ဖြစ်ရေး ကောင်းစွာလေ့ကျင့်နေရန် လိုကြောင်း၊ အရေးကြီးမှ သွေးစည်းသည်ဆိုသည်ထက် အရေးကြီးသည်ဖြစ်စေ၊ မကြီးသည်ဖြစ်စေမည်သည့်အချိန်တွင်မဆို မိမိတို့က သွေးစည်းသည်ဆိုသည့် စိတ်ဓာတ်မျိုးရှိရန် လိုကြောင်း၊ တိုင်းပြည်ချစ်စိတ်နှင့် တပ်မတော်ချစ်စိတ်ကို အခြေခံပြီး မိမိကိုယ်ကို သစ္စာရှိရန်၊ မိမိ၏မိသားစုအပေါ် သစ္စာရှိရန်၊ မိမိ၏ပတ်ဝန်းကျင်အသိုင်းအဝိုင်းအပေါ် သစ္စာရှိရန်၊ တပ်မတော်အပေါ်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း။

တပ်မှူးကောင်းသည် ပြောဆိုဆုံးမရန်လိုအပ်သည်ကို ပြောဆိုဆုံးမသကဲ့သို့ ဂုဏ်ပြုချီးမြှောက်သင့်သည်ကိုလည်း ချီးမြှောက်ပေးရန်လိုကြောင်း၊ သဘောကောင်းသည်နှင့် စေတနာထားခြင်းသည် မတူညီကြောင်း၊ စေတနာထားသည်ဆိုသည်မှာ မဖြစ်သင့် မဖြစ်ထိုက်သည်များကို စဉ်းစားဆင်ခြင်ပြီး ဖြစ်သင့်ဖြစ်ထိုက်ခြင်းကို ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ မိသားစုဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ ဘာသိဘာသာဖြင့် နေသာသလိုနေခြင်း၊ စည်းကမ်းချိုးဖောက်မှုကို လျစ်လျူရှုခြင်းသည် အဆိုပါမိသားစုနှင့် အဖွဲ့အစည်းကို ပျက်စီးစေမည် ဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရန်အတွက် စစ်တိုက်တော်ရန်လိုပြီး စစ်ကျောင်းကြီးများ အနေဖြင့် အပြည့်အဝ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ တိုက်ပွဲဝင်စိတ်ဓာတ်ရှိအောင် ဆောင်ရွက်ရာတွင် စစ်တိုက်တတ်ရုံနှင့်မရဘဲ စိတ်ဓာတ်ကိုပါ ပြုပြင်ရမည်ဖြစ်သည့်အတွက် တိုက်ရဲအောင်၊ စိတ်ဓာတ်ကောင်းအောင် မိသားစုများ၏ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင်ရေး၊ နောက်ဆံမငင်ရအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ Professional သည် စစ်တိုက်ရန်ဖြစ်ပြီး စစ်တိုက်ရန်အတွက် စစ်ရေးစွမ်းရည် ထက်မြက်ရမည် ဖြစ်ကြောင်း။

Standard Army ဖြစ်ရန် တိုက်စွမ်းရည်နှင့် တိုက်စွမ်းအား ထက်မြက်နေရန်လိုပြီး ပြောင်းလဲလာသော ခေတ်သစ်စစ်ပွဲများနှင့် နည်းပညာများကို သိရှိလေ့လာနေရန်လိုကြောင်း၊ ခေတ်သစ်နည်းပညာ အသုံးပြုထားသော စစ်လက်နက် ပစ္စည်းများကို ကျွမ်းကျင်စွာ လက်တွေ့အသုံးချနိုင်ရန်လိုပြီး မိမိကြံဆမှုဖြင့် ပေါင်းစပ်၍ တိုက်ပွဲဝင်နိုင်ရန် လိုကြောင်း၊ ကျန်းမာကြံ့ခိုင်အောင်၊ ကျွမ်းကျင်အောင်၊ ရဲစွမ်းသတ္တိရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နည်းပညာခေတ်ဖြစ်သည့်အတွက် နိုင်ငံတကာ တပ်မတော်များနှင့် လိုက်လျောညီထွေမှု ဖြစ်အောင်၊ တပ်မတော်၏ အရည်အသွေးကို မြှင့်တင်နိုင်ရန် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"ဆိုသည့် လေ့ကျင့်ရေး လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့် အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့ တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များ စုပေါင်းပြီး အဖွဲ့အစည်း၏စွမ်းရည်များရရှိအောင် တည်ဆောက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ ဖြစ်သည့်အတွက် မိမိ၏မျိုးဆက်အပေါ် ပေးနိုင်သော အကောင်းဆုံးအမွေမှာ ပညာအမွေသာဖြစ်ကြောင်း၊ ပညာအမွေ ပေးနိုင်ခြင်းဖြင့် ကောင်းမွန်သော အနာဂတ်ကို လမ်းဖွင့်ပေးနိုင်မည် ဖြစ်ပြီး လမ်းမှားမရောက်စေရေးအတွက်လည်း ထိန်းကျောင်းပေးရာရောက်ကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သား မိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် လိုအပ်သည့်ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သား မိသားစုဝင် ကျောင်းသား ကျောင်းသူများအနေဖြင့် အနည်းဆုံး KG+9 တက်ရောက် အောင်မြင်အောင် တက်ရောက် သင်ကြားရန်လိုကြောင်း၊ KG+9 (အခြေခံပညာ အလယ်တန်းအဆင့်) တက်ရောက်ပြီးသူများအနေဖြင့်လည်း စက်မှုသိပ္ပံကျောင်းများ၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံ ကျောင်းများသို့ တက်ရောက် ပညာသင်ကြားနိုင်မည်ဖြစ်ကြောင်း၊ မှီခိုသူသားသမီးများ၏ ပညာရည်မြင့်မားလာပါက တိုင်းပြည်အတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူရလာမည်ဖြစ်ကြောင်း၊ အလားတူ တပ်မှူးများသည် တပ်မတော်သားများ၏ အတန်းပညာမြင့်မားရေးကို ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။ **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်မှု၊ ငွေကြေးရှုပ်ထွေးမှု၊ လူမှုရေးရှုပ်ထွေးမှု၊ မူးယစ်ဆေးဝါးမှု များသည် ခွင့်လွှတ်ပေး၍မရကြောင်း၊ ပြုပြင်ဆုံးမပေးနိုင်သော အပြစ်ဖောက်မှုများအတွက် ပြုပြင်ဆုံးမကာ သဘောပေါက် နားလည်စေခြင်းဖြင့် ထိန်းသိမ်းပေးရန်လိုကြောင်း၊ တပ်ရင်းမှူးနှင့် တပ်ရင်းမှူး ဇနီးသည် တပ်၏အမိအဖဖြစ်ပြီး တပ်တွင် လိုက်ပါနေထိုင်သည့် အရာရှိဇနီးများသည် ခင်ပွန်းသည်၏အလုပ်ကို ကူညီပေးရန်ဖြစ်သော်လည်း ဝင်ရောက်စွက်ဖက်၍မရကြောင်း၊ ခေါင်းဆောင်မှု ကောင်းခြင်းဖြင့် မိမိကွပ်ကဲရသော အဖွဲ့အစည်းအတွက် အေးမြသော အရိပ်အာဝါသတစ်ခုကို ဖြစ်စေပြီး စည်းလုံးညီညွတ်မှုနှင့် တပ်နေပျော်ရေးကို ဖြစ်ပေါ်စေကြောင်း၊ ကောင်းမွန်သော ခေါင်းဆောင်မှုဖြင့် မိမိတပ်အပေါ် စေတနာထားကာ စည်းကမ်းကောင်းမွန်၍ စွမ်းရည်သုံးရပ် ထက်မြက်အောင် တည်ဆောက်ပေးနိုင်သော တပ်မှူးများကို ၎င်းတပ်ရင်းက တသသ အမှတ်ရနေမည်ဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီး အုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ပါ မကောင်းနိုင်ကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်းထိန်းသိမ်းရေး အပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ စစ်သားဖြစ်၍ အမိန့်နာခံရမည်ဖြစ်ပြီး အမိန့်မှာ တရားမျှတသော အမိန့်ဖြစ်ရန် လိုကြောင်း။

သက်သာ ချောင်ချိရေးနှင့် တည်ဆောက်မှုအပိုင်းတွင် အထက်မှပေးထားသည့် သက်သာချောင်ချိရေးများရှိသကဲ့သို့ မိမိကိုယ်တိုင် ဆောင်ရွက်ရမည့် သက်သာချောင်ချိရေးများလည်းရှိပြီး တစ်ပိုင်တစ်နိုင်စိုက်ပျိုး/မွေးမြူရေးကို အောင်မြင်အောင် ဆောင်ရွက်ခြင်းသည် မိမိကိုယ်တိုင်ဆောင်ရွက်သည့် သက်သာချောင်ချိရေးပင် ဖြစ်ကြောင်း၊ မှန်မှန်ကန်ကန်နှင့် သက်သာချောင်ချိရေးကို လုပ်ဆောင်မည်ဆိုလျှင် တပ်တွင်းစည်းလုံးညီညွတ်ရေးများတွင်လည်း အထောက်အကူရရှိမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစိုက်ပါက တစ်ဦးချင်း အကျိုးခံစားရပြီး တပ်ပိုင်ဆောင်ရွက်ပါက မိသားစုဝင်အားလုံး အကျိုးခံစားရမည်ဖြစ်၍ မိမိဒေသနှင့်ကိုက်ညီသော စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကို အောင်မြင်မှုရရှိအောင် ဆောင်ရွက်သွားရန်လိုကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆီဆိုင်၊ ဘန်းယဉ်တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တပ်ရင်းတပ်ဖွဲ့များရှိ သက်သာဆိုင်များသည် မိသားစုဝင်များ အမှန်တကယ် သက်သာမှုရှိအောင် ဆောင်ရွက်ပေးရန်နှင့် စစ်သည်၊ မိသားစုများအနေဖြင့် ခြိုးခြံချွေတာရေးကို အသိစိတ်ဖြင့် လိုက်ပါလုပ်ဆောင်နိုင်ရန် လိုကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် နေထိုင်ရေး အဆင်ပြေစေရန် ရေ၊ မီး၊ မိလ္လာမှစ၍ အခြေခံလိုအပ်ချက်များကို အခက်အခဲများမရှိအောင် စစ်ဆေးပြုပြင်ပေးရန်လိုကြောင်း၊ ထို့အပြင် စစ်သည်များအနေဖြင့် မိမိတို့၏ အခက်အခဲများကို သတင်းပို့တင်ပြနိုင်စေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

တိုင်းစစ်ဌာနချုပ် အနေဖြင့် ဘောလုံး၊ ဘော်လီဘော၊ သေနတ်ပစ်၊ လက်ဝှေ့၊ ပြေးခုန်ပစ် စသည့် အားကစားများတွင် တပ်မတော်ကိုယ်စားပြု၊ နိုင်ငံ့ကိုယ်စားပြု လက်ရွေးစင်များမွေးထုတ်ပေးနိုင်သည်အထိ လေ့ကျင့်ပျိုးထောင်ပေးရန်လိုကြောင်း။

ကျန်းမာကြံ့ခိုင်ရန်မှာ ချက်ချင်းထလုပ်၍မရနိုင်ဘဲ ပုံမှန်လေ့ကျင့်ပြီး ပြုစုပျိုးထောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတွင် အဓိကလိုအပ်ချက်ဖြစ်သည့် “ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး”မှာ အရေးကြီးကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်သည့် အားနည်းချက်များကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်သည့် အပိုင်းတွင် ထိခိုက်မှုများရှိကြောင်း၊ ကျန်းမာကြံ့ခိုင်မှ အလုပ်လုပ်နိုင်မည်ဖြစ်သည့်အတွက် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်ကြရန်လိုကြောင်း။

အမျိုးသမီး စစ်မှုထမ်းများနှင့် ပတ်သက်ပါက ၎င်းတို့သည် တပ်မတော်၏ အင်အားတစ်ရပ်ဖြစ်၍ မောင်နှမစိတ်မွေးရန်နှင့် လုပ်ဖော်ကိုင်ဖက်များ အဖြစ်သဘောထားကာ ဖေးမလက်တွဲခေါ်ယူရန်လိုကြောင်း၊ အမျိုးသမီးစစ်မှုထမ်းများအနေဖြင့်လည်း မိမိကြောင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်း ဂုဏ်သိက္ခာထိခိုက်စေမည့် ပြုမူပြောဆို နေထိုင်မှုများရှောင်ကြဉ်ရန်လိုကြောင်း၊ ရဲမေများသည် တပ်မတော်၏ အရန်အင်အားများဖြစ်ပြီး ရှုဒူဇွတ်၊ ကုန်းကြမ်း၊ လုပီ၊ ဝိန်းကောင်ဖြစ်စဉ်များတွင် ရဲမေများ၏ ရဲဝံ့စွန့်စားစွာ ရန်သူကို တုံ့ပြန်တိုက်ခိုက်ခဲ့သည့် အစဉ်အလာမှတ်တမ်းကောင်းများ ရှိကြောင်း။

ပြည်သူ့ စစ်မှုထမ်းများတွင် ကိုယ်တိုင်ဆန္ဒပြု ဝင်ရောက်လာကြသူများရှိသကဲ့သို့ ဆင့်ခေါ်မှုအရ ဝင်ရောက်လာကြသူများလည်းရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်လာကြသော်လည်းတာဝန်ထမ်းဆောင်မှုပိုင်းတွင် ကျေနပ်အားရဖွယ်တွေ့ရှိရကြောင်း၊ ယခုအခါ အမှတ်စဉ် (၂)အထိ တာဝန်ထမ်းဆောင်မှုကာလ ပြည့်မြောက်ခဲ့ရာ ဆက်လက်တာဝန်ထမ်းဆောင်ရန် ဆန္ဒပြု၍ အမှုထမ်းလိုသူများ အများအပြား တွေ့ရှိရသည့်အတွက် ဝမ်းမြောက်စွာကြိုဆိုပါကြောင်းနှင့် ရဲဘော်ရဲဘက်စိတ်ဖြင့် လက်တွဲခေါ်ရန်လိုကြောင်း၊ ထို့ပြင် တပ်မတော်၏ အရန်အင်အားဖြစ်သည့် စစ်မှုထမ်းဟောင်းများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက်လည်း တပ်မတော်က စစ်မှုထမ်းဟောင်းအိမ်ရာများ ဆောက်လုပ်ပေးကာ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာ ကိစ္စရပ်များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်များအလိုက် တာဝန်ရှိသူများအနေဖြင့် တပ်နယ်များရှိ စစ်မှုထမ်းဟောင်းမိသားစုများအား သွားရောက်တွေ့ဆုံအားပေးကာ တင်ပြချက်များအပေါ် အရေးတယူဆောင်ရွက်ပေးသွားရန်လိုကြောင်း။

ဆီဆိုင်ဒေသသည် အကြမ်းဖက်သောင်းကျန်းသူများ အလစ်အငိုက် ဝင်ရောက်တိုက်ခြင်းခံရပြီး တပ်နယ်များမှ အရာရှိ၊ စစ်သည်များနှင့် ရဲမေများ၏ ပြန်လည်တုံ့ပြန် တိုက်ခိုက်ခဲ့ခြင်းကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုရရှိခဲ့ရာ ပါဝင်ခဲ့သူများ အားလုံးကိုလည်း မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ ဆီဆိုင်-ဘန်းယဉ်ဒေသရှိ တိုင်းရင်းသားပြည်သူများသည် ရိုးသားအေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သော ဒေသဖြစ်သော်လည်း အနိုင်ကျင့်ဗိုလ်ကျလိုသော အကြမ်းဖက်သောင်းကျန်းသူများကြောင့်သာ အကျည်းတန်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် ကာကွယ်ရေးတာဝန် ထမ်းဆောင်ရာတွင် တပ်မတော် တစ်ရပ်တည်းနှင့် ထမ်းဆောင်၍မရဘဲ ပြည်သူပါဝင်မှသာ ရမည်ဖြစ်သောကြောင့် တပ်တွင်း/တပ်ပြင် စည်းလုံးညီညွတ်ရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်တွင်းစည်းလုံးညီညွတ်ရေးနှင့် ပတ်သက်၍ အင်အားတည်ဆောက်ရမည်ဖြစ်သကဲ့သို့ တပ်ပြင်နှင့်ပတ်သက်ပါက ပြည်သူသာအမိ၊ ပြည်သူသာအဖ ဖြစ်သည့်အတွက် ပြည်သူနှင့်တစ်သားတည်း ဖြစ်အောင် လုပ်ရန် တာဝန်ရှိကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးတွင် ခေါင်းဆောင်မှုသည် လွန်စွာအရေးကြီး၍ သမာသမတ်ရှိပြီး မျှတစွာ ခေါင်းဆောင်နိုင်သည့် တပ်မှူးများဖြစ်ရန်လိုပြီး သတ္တိရှိရှိ လုပ်ရဲကိုင်ရဲရန်လိုကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် စည်းမျဉ်း စည်းကမ်းဥပဒေနှင့် အညီ လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ စည်းမျဉ်း စည်းကမ်းဥပဒေ ကျော်လွန်ပြီး လုပ်ဆောင်ပါက မှားယွင်းမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်သဖြင့် ခိုင်မာကျစ်လျစ်အောင် တည်ဆောက်၍ နိုင်ငံတော်ကအားထားရသော၊ ပြည်သူကအားကိုးရသော တပ်များဖြစ်အောင် တည်ဆောက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားပြီး အရာရှိ၊ စစ်သည်၊ ရဲမေများ၏တစ်ဦးချင်းစီ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲများ အပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာက မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်နယ်များအလိုက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် တွေ့ဆုံပွဲများ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆီဆိုင်နှင့်ဘန်းယဉ်တပ်နယ်များ အတွင်းရှိတပ်ရင်း/တပ်ဖွဲ့များအား မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး စစ်သည် မိသားစုများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အင်ပူမြို့နယ်၌ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း ဖွင့်လှစ်

**အင်ပူ မေ ၁၉**

ဧရာဝတီတိုင်းဒေသကြီး အင်ပူမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းက သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ အကြိုအခြေခံသင်တန်း (၁/၂၀၂၆)ကို ဖွင့်လှစ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက အမှာစကားပြောကြားပြီး မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းစဉ်များ၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စာတွေ့၊ လက်တွေ့ ငါးရက်ကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# တရားဥပဒေစိုးမိုးရေးအထောက်အကူပြု စံနမူနာရှေ့ပြေးဥပဒေရုံး

**ဥပဒေရေးရာဝန်ကြီးဌာန (ယခင်ပြည်ထောင်စုရှေ့နေချုပ်ရုံး)နှင့် ဥပဒေရုံးအဆင့်ဆင့်သည် ပြည်ထောင်စုရှေ့နေချုပ်ဥပဒေနှင့် နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရပါသည်။**

ဥပဒေအရာရှိတစ်ဦး

နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒများ ပိုမိုခိုင်မာအားကောင်းစေရန်နှင့် ဥပဒေရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုကောင်းမွန်စေရန် **"တရားဥပဒေစိုးမိုးရေးဆီသို့"**ဟူသည့် ရည်မှန်းချက်ကို ခိုင်မာစွာကိုင်စွဲလျက် ရှေ့ပြေးဥပဒေရုံး (Pilot Law Office)များကို သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများက ရာဇဝတ်မှုများနှင့် နိုင်ငံတော်က တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် တရားစွဲမတင်မီ ဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါခြင်းများကို ဆောင်ရွက်ရပါသည်။ ခေတ်နှင့်လျော်ညီသည့် တရားစွဲနှင့်အမှုလိုက်လုပ်ငန်းဆိုင်ရာများတွင် ပြည်သူများက ပိုမိုယုံကြည်မှုရှိစေရေးအတွက် တရားစွဲမတင်မီဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်ဥပဒေချုပ်ရုံးများနှင့် ခရိုင်ဥပဒေရုံးများက အဆင့်ဆင့်စနစ်တကျဆောင်ရွက်စေရန်နှင့် ကြီးကြပ်မှုပိုမိုအားကောင်းစေရန် ဖော်ဆောင်လျက်ရှိပါသည်။

**"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"** (Building Legal Trust for the People)ဟူသည့် ဆောင်ပုဒ်ဖြင့် ဥပဒေရေးရာဝန်ကြီးဌာန၏ မဟာဗျူဟာစီမံကိန်း(၂၀၂၅-၂၀၂၉) အရ ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့တည်ထောင်ခြင်းနှင့် နစ်နာသူနှင့် သက်သေများကို တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်းစသည့် လုပ်ငန်းများကို ပထမဦးစားပေးအဆင့်အဖြစ် သတ်မှတ်ထားရှိသောကြောင့် **"ရှေ့ပြေးဥပဒေရုံးဆိုတာဘာလဲ၊ ရှေ့ပြေးဥပဒေရုံးတွေမှာ ဘာတွေဆောင်ရွက်နေကြတာလဲ"**ဆိုသည်များကို သိရှိလိုသောအများပြည်သူ၊ ရှေ့နေရှေ့ရပ်၊ တရားစွဲအဖွဲ့အစည်း၊ သက်ဆိုင်ရာဥပဒေရုံးများနှင့် လုပ်ငန်းသဘာဝအရ ပတ်သက်ဆက်နွှယ်နေသူများ သိရှိစေရန် တင်ပြလိုခြင်းဖြစ်ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ ဥပဒေရုံးအဆင့်ဆင့်တွင် အမှုကိစ္စရပ်စီမံခန့်ခွဲမှုစနစ်များ ပိုမိုကောင်းမွန်စေရန် စံနမူနာပြုကနဦးအကောင်အထည်ဖော်မည့် ရှေ့ပြေးဥပဒေရုံးများ ရွေးချယ်ပြီး အောက်ပါအစီအစဉ်များ စမ်းသပ်ဆောင်ရွက်ခဲ့ပါသည် -

(က) ရှေ့ပြေးဥပဒေရုံးအင်္ဂါရပ်နှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊

(ခ) ရှေ့ပြေးဥပဒေရုံးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်း၊

(ဂ) တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများ စံပြုနမူနာဖြစ်ရန် ဆောင်ရွက်ခြင်း။

(က) ရှေ့ပြေးဥပဒေရုံးအင်္ဂါရပ်နှင့် လျော်ညီအောင် ပြင်ဆင်မည့် ကိစ္စရပ်တွင် -

- အမှုတွဲလက်ခံခြင်းနှင့် စုံစမ်းရေးဌာနထားရှိခြင်း၊
- နစ်နာသူများ၊ သက်သေများနှင့် တွေ့ဆုံဆွေးနွေးခန်းထားရှိခြင်း၊
- တာဝန်ခံဥပဒေအရာရှိရုံးခန်း ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အမှုလိုက်ဥပဒေအရာရှိများအတွက် အခန်းဖွဲ့စည်းခြင်း၊
- ဖိုင်တင်စင်အပါအဝင် ရုံးသုံးပရိဘောဂများ၏ အရည်အသွေးနှင့် စနစ်ကျမှု မြှင့်တင်ခြင်း၊
- စာကြည့်တိုက်ထားရှိခြင်းနှင့်
- အစည်းအဝေးခန်းထားရှိခြင်းတို့ ဖြစ်ပါသည်။

(ခ) ရှေ့ပြေးဥပဒေရုံးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့မည့်ကိစ္စရပ်တွင် -

- အလိုအလျောက် ဆက်သွယ်ဆောင်ရွက်ခြင်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ရှေ့ပြေးဥပဒေရုံးများရှိ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများကို ကွန်ပျူတာပညာရပ် သင်ကြားပေးခြင်း၊
- ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးခြင်း၊
- ရုံးလုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်းတင်ခြင်းကို ကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်ရန် Software ရေးဆွဲခြင်း၊
- အမှုလိုက်ဥပဒေအရာရှိများက Software အသုံးပြုဆောင်ရွက်နိုင်ရန် Tablet များ ထောက်ပံ့ခြင်း၊
- အမှုလိုက်ဥပဒေအရာရှိများက အဆိုပါ Software အား အသုံးပြုဆောင်ရွက်ခြင်း ရှိ၊ မရှိကို အဆင့်မြင့်ရုံးတာဝန်ရှိသူများနှင့် တာဝန်ခံဥပဒေအရာရှိတို့က ကြီးကြပ်ခြင်း၊
- သက်ဆိုင်ရာရှေ့ပြေးတရားရုံးများက အကောင်အထည်ဖော်သည့်စနစ်နှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။

(ဂ) တရားစွဲနှင့် အမှုလိုက်လုပ်ငန်းပိုင်းဆိုင်ရာများ စံပြုနမူနာဖြစ်ရန် ဆောင်ရွက်ရမည့် ကိစ္စရပ်တွင် -

- ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပြုချက် တောင်းခံသည့်အဆင့်တွင် နစ်နာသူ အမှုသည်များနှင့် တွေ့ဆုံမေးမြန်းကြားနာခြင်း၊
- ရဲစခန်းတွင် မပြည့်စုံ၊ မလုံလောက်သည့် အကြောင်းအချက်များကို အမှုစစ်ရဲအရာရှိထံ ဖုန်းဆက်မေးမြန်းခြင်း၊
- အမှုများအား လျင်မြန်စွာပြီးပြတ်အောင်ဆောင်ရွက်ခြင်း၊
- သေးငယ်သော ပြစ်မှုများကို တရားရုံးသို့ မရောက်ရှိစေဘဲ ပြီးပြတ်စေခြင်း၊
- စုံစမ်းထောက်လှမ်းသည့်ကာလအတွင်း တရားစွဲအဖွဲ့အစည်းများနှင့် ဥပဒေရုံးများ ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းနှင့်
- နစ်နာသူများ၊ သက်သေများကို တရားခွင်အကြိုတွေ့ဆုံဆွေးနွေးခြင်း (Pre-trial Interview)တို့ ဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

**☆ ရှေ့ပြေးဥပဒေရုံးများအစီအစဉ်သည် ဥပဒေရုံးများ၏ ဥပဓိရုပ်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေပြီး နည်းပညာအသုံးပြုဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းမြန်ဆန်မှုရှိကာ ပေါင်းစပ်ညှိနှိုင်းမှုအားကောင်းစေ**

**☆ အရေးကြီးသောအမှုများမှ နစ်နာသူနှင့် သက်သေများက တရားရုံးရှေ့ သက်သေမခံမီတရားခွင်နှင့် ရင်းနှီးကျွမ်းဝင်စေပြီး အမှုအဖြစ်အပျက်ကို ပြန်လည်အမှတ်ရစေရန် ကြိုတင်ပြင်ဆင်ပေးခြင်းကြောင့် တရားရုံးရှေ့တွင် ပြည့်စုံမှန်ကန်စွာ ထွက်ဆိုခြင်းဖြင့် တရားစီရင်မှုနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်စေ**

ဥပဒေရေးရာဝန်ကြီးဌာနနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ၏ အဓိကလုပ်ငန်းတာဝန်တွင် ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးခြင်း ပါဝင်ပါသည်။ အထက်အပိုဒ်(ဂ)ပါ အချက်များကို တစ်ချက်ချင်း ရှင်းလင်းလိုပါသည်။ စံပြုနမူနာရှေ့ပြေးဥပဒေရုံးများက ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပြုချက်တောင်းခံသည့်အဆင့်တွင် နစ်နာသူအမှုသည်များနှင့် တွေ့ဆုံမေးမြန်းကြားနာခြင်းသည် ပြီးပြည့်စုံသော ဥပဒေအကြံပြုချက်ဖြစ်စေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါသည်။

သာဓကအားဖြင့် စင်ကာပူနိုင်ငံအခြေစိုက် စားသုံးကုန်လုပ်ငန်းစု၏ လုပ်ငန်းအမည်အား Franchise ရရှိခဲ့သော မြန်မာနိုင်ငံသားနှစ်ဦးအနက် တစ်ဦးက ကျန်တစ်ဦးအပေါ် ကုန်အမှတ်တံဆိပ်လိမ်လည်အတုပြုမှုဖြင့် သက်ဆိုင်ရာရဲစခန်းသို့ တိုင်တန်းသောအမှုတွင် ထိုသူနှစ်ဦး၏ Franchise Agreement များကို Notary Public ၏ ဘာသာပြန်ဆိုချက်ရယူဆောင်ရွက်ပေးနိုင်ရန် ပြောကြားချက်အပေါ် သက်ဆိုင်ရာအမှုသည်က ဆောင်ရွက်ပေးခဲ့ခြင်းကြောင့် မှန်ကန်ပြည့်စုံသောဥပဒေအကြံပြုချက် ပြန်ကြားနိုင်ခဲ့ပါသည်။ ယင်းသို့ ပြန်ကြားနိုင်ခြင်းသည် တရားရုံးသို့ တရားမစွဲတင်မီ အမှုသည်များနှင့် တွေ့ဆုံမေးမြန်းခြင်း အကျိုးရလဒ်ဖြစ်ပါသည်။

ရဲစခန်းတွင် Computer Error နှင့် စာလုံးပေါင်းသတ်ပုံ မှားယွင်းခြင်းတို့ကြောင့် သက်သေထွက်ဆိုချက်ပါဖော်ပြချက် ရှင်းလင်းမှုမရှိသော ကိစ္စရပ်မျိုးတွင် ရဲစခန်းအမှုတွဲအား သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းသို့ တရားဝင်စာလမ်းကြောင်းဖြင့် ပြန်လည်ပေးပို့ခြင်းမပြုဘဲ မပြည့်စုံ၊ မလုံလောက်သည့် အကြောင်းအချက်များကို အမှုစစ်ရဲအရာရှိထံ ဖုန်းဆက်မေးမြန်းခြင်းဖြင့် အချိန်ကြန့်ကြာမှုမရှိစေဘဲ ဆောလျင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

အမှုများအား လျင်မြန်စွာ ပြီးပြတ်အောင်ဆောင်ရွက်စေခြင်းတွင် ဥပဒေအကြံပြုချက် တောင်းခံသည့်အမှု၌ ဥပဒေနှင့် ပုဒ်မပြောင်းလဲခြင်း ဖြစ်ပေါ်စေနိုင်သော လိုအပ်ချက်၊ စွပ်စွဲခံရသူက ပြစ်မှုကျူးလွန်ကြောင်း ခိုင်မာစေမည့် လိုအပ်ချက်များဖြစ်မှသာ ရဲစခန်းအမှုတွဲကို သက်ဆိုင်ရာ ရဲတပ်ဖွဲ့သို့ ပြန်လည်ပေးပို့ဆောင်ရွက်စေပြီး သာမန်လိုအပ်ချက်မျှသာဖြစ်ပါက အမှုတွဲပြန်လည်ပေးပို့ခြင်းမပြုဘဲ ဥပဒေအကြံပြုချက် ပြန်ကြားပြီး ထပ်မံဆောင်ရွက်ရန် ညွှန်ပြခြင်းဖြင့် မြန်ဆန်စွာ ဆောင်ရွက်စေခြင်း၊ တရားစွဲဆိုတင်ပို့ပြီးနောက် သက်ဆိုင်ရာတရားရုံးတွင် အရေးပါသည့်သက်သေကို ဦးစားပေးဆင့်ခေါ်စစ်ဆေးနိုင်ရေး၊ တရားရုံးသို့ ရဲတပ်ဖွဲ့ဝင်သက်သေများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဆရာဝန်သက်သေများက ရုံးချိန်းမပျက်မကွက် လာရောက်စေရေးတို့အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်စေခြင်းကို အခြားဥပဒေရုံးများက စံနမူနာယူနိုင်သည်အထိ ပြသအကောင်အထည်ဖော်ရန်ဖြစ်ပါသည်။

သေးငယ်သောပြစ်မှုများကို တရားရုံးသို့ မရောက်ရှိစေဘဲ ပြီးပြတ်စေခြင်းမှာ ရာဇဝတ်ကျင့်ထုံးဥပဒေအရ အချို့သောပြစ်မှုများကို နစ်နာသူက ကျေအေးလိုက တရားစွဲဆိုတင်ပို့ခြင်းမပြုဘဲ ကျေအေးပြီးပြတ်နိုင်ရန် ဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကြီးသည့်အမှုငယ်စေ၊ ငယ်သည့်အမှု ကျေအေးပပျောက်စေဟူသော သဘောတရားကို ဖော်ဆောင်ခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူဖြစ်ရန် ဖြစ်ပါသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေအရ အရေးယူသော ပြစ်မှုများတွင် သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ နယ်မြေရဲစခန်းနှင့် ဥပဒေရုံးတို့သည် အမှုစတင်တည်ဆောက်ချိန်မှစ၍ သက်ဆိုင်ရာတရားရုံး၏ အပြီးသတ်အမိန့် ရရှိပြီးသည့်အချိန်ကာလအထိ ပူးပေါင်းဆောင်ရွက်ရာတွင် ရရှိခဲ့သော ရလဒ်ကောင်းများကို မှုတည်၍ အခြားသော ရာဇဝတ်မှုများတွင်လည်း ယင်းကဲ့သို့ စုံစမ်းထောက်လှမ်းသည့်ကာလအတွင်း တရားစွဲအဖွဲ့အစည်းနှင့် ဥပဒေရုံးများအကြား ပူးပေါင်းဆောင်ရွက်မှုကို စံနမူနာအဖြစ် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပါသည်။

အမှုများတွင် နစ်နာသူ(များ)နှင့် သက်သေအများစုသည် တရားရုံးသို့ ရောက်ရှိဖူးသူများ မဟုတ်ကြ၍ ရုံးသဘောသဘာဝ၊ ရုံးကျင့်စဉ်တို့ကို နားလည်နိုင်မှုမရှိပါ။ ထို့ပြင် နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိများနှင့် ပြင်ပရှေ့နေများ၏ အခန်းကဏ္ဍကို သိကျွမ်းနားလည်မှုမရှိပါ။ ထို့ကြောင့် တရားခွင်တွင် သက်သေခံရာ၌ အမျိုးမျိုးသောဖိအားကြောင့် မိမိကြုံတွေ့ခဲ့ရသည့်ဖြစ်စဉ်ကို တရားရုံးနားလည်လက်ခံနိုင်အောင် ထွက်ဆိုနိုင်ခြင်းမရှိပါ။ ထိုကဲ့သို့သော နစ်နာသူနှင့် သက်သေတို့ကို တရားရုံး၏ သဘောသဘာဝ၊ တရားခွင်၏ ဖွဲ့စည်းတည်ဆောက်ပုံနှင့် သက်သေစစ်မေးမှုအစီအစဉ်၊ တစ်ဖက်အမှုသည်က ပြန်လှန်မေးမြန်းဖွယ်ရှိနိုင်သောကိစ္စတို့ကို ကြိုတင်ရှင်းပြခြင်း၊ ၎င်းကြုံတွေ့ခဲ့ရသည့် အမှုဖြစ်စဉ်ကို ပြန်ပြောင်းအောက်မေ့သတိရစေရန် မေးမြန်းခြင်းဖြင့် တရားရုံးအတွေ့အကြုံမရှိသည့် နစ်နာသူနှင့် သက်သေ၏ စိတ်ဖိစီးမှုကို လျော့ကျစေနိုင်ရန်အလို့ငှာ တရားခွင်အကြိုတွေ့ဆုံမေးမြန်းခြင်း (Pre-Trial Interview) လမ်းညွှန်ချက်ထုတ်ပြန်၍ ရှေ့ပြေးဥပဒေရုံးများတွင် ဆောင်ရွက်ခြင်းသည် ထူးခြားသော ဝိသေသလက္ခဏာရပ်တစ်ခုလည်း ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ☆

# မြန်မာနှင့် မလေးရှား နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံပွဲ ကျင်းပ



**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ယနေ့တွင် နေပြည်တော်၌ အလုပ်သဘောခရီးစဉ် ရောက်ရှိနေသည့် မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဒါတို ဆရီ ဥတမ ဟာဂျီ မိုဟာမက် ဘင် ဟာဂျီ ဟာဆန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီး MGallery Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် မြန်မာနိုင်ငံနှင့် မလေးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် အာဆီယံဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ ထို့ပြင် နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေမည့် ကဏ္ဍများတွင် လက်ရှိပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မလေးရှားနိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ဆိုက်ရောက်ခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုခဲ့သည်။ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် မလေးရှားနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော (၁၁)ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ်တက်ရောက်




**နေပြည်တော် မေ ၁၉**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ မေ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် (၁၁) ကြိမ်မြောက် "Digitalization of Industrial Russia (2026)" ဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် Mr. Mikhail Mishustin က အဖွင့်အမှာစကားပြောကြားပြီး ရုရှားနိုင်ငံ၏ အဓိကစက်မှုလုပ်ငန်းများမှ တာဝန်ရှိသူများနှင့် ပညာရှင်များက သက်ဆိုင်ရာစက်မှုကဏ္ဍအလိုက် ဒီဂျစ်တယ်နည်းပညာ အသုံးပြု ဆောင်ရွက်နေသူများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် "The Speed Race: Is Defense Keeping Pace with Threats?" ခေါင်းစဉ်ဖြင့် ကျင်းပသော ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးပြီး ယနေ့နိုင်ငံတကာတွင် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်ပြီး တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသည့် ဆိုက်ဘာနည်းပညာဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် အကောင်းဆုံးတုံ့ပြန်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရုရှားနိုင်ငံနှင့် နိုင်ငံတကာမှ ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဆွေးနွေးကြသည်။

ယနေ့နံနက်ပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ သတင်းအချက်အလက်ဆိုင်ရာ လုံခြုံရေး (IT Security) ဆော့ဖ်ဝဲနှင့် စက်ပစ္စည်းများ ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သည့် Security Code ကုမ္ပဏီအား လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များတွင် ယနေ့ခေတ် လုံခြုံမှုဆိုင်ရာ နည်းပညာမျှဝေပေးနိုင်ရေး၊ မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်နည်းပညာ ကူးပြောင်းမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ရုရှားအစိုးရ၏ "Digital Economy" အမျိုးသားစီမံကိန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နည်းပညာနယ်ပယ်တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ပြင်ဆင်ထားသည့် နေရာတစ်ခုဖြစ်သည့် NEIMARK တက္ကသိုလ်၏ IT Campus သို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် မွေးထုတ်ပေးနိုင်ရေး၊ သုတေသနလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ ဖလှယ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့နယ်အတွင်းရှိ အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်

**ကော့သောင်း မေ ၁၉**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကော့သောင်းမြို့နယ်အတွင်းရှိ အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် ကုမ္ပဏီနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်ဆု၊ ကုန်သွယ်လုပ်ငန်းခွန်ဆုနှင့် ဝင်ငွေခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် ပုဂ္ဂလိက လုပ်ငန်းရှင်ဆု ရရှိသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ပြည်တွင်းအခွန်များ ဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော့သောင်းခရိုင်အတွင်း အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့မအားကစားကွင်း အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ အေးရိပ်ငြိမ်ကြက်တောင် အားကစားရုံ၊ ရွှေမင်းဝံတင်းနစ်အားကစားရုံနှင့် ခရိုင်အားကစားခန်းမများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




**စာအုပ်စာပေ လူ့မိတ်ဆွေ — စာပေမြင့်မှ လူမျိုးတင့်မည်**

☆ စာမျက်နှာ ၆ မှ

တရားခွင်အကြို တွေ့ဆုံမေးမြန်းရာတွင် အဓိကအရေးကြီးဆုံးအချက်မှာ ဥပဒေအရာရှိများအနေဖြင့် နစ်နာသူ(များ)နှင့် သက်သေ(များ)ကို တရားခွင်တွင် မည်သို့မည်ပုံထွက်ဆိုရမည်ဖြစ်ကြောင်း သင်ကြားခြင်းမပြုလုပ်ရန်ဖြစ်ပါသည်။ ၎င်း၏မှတ်ဉာဏ်ကို ပြန်လည်နှိုးဆွခြင်းသာဖြစ်ရပါမည်။ ရှေ့ပြေးဥပဒေရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဥပဒေအရာရှိများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ပြန်ထားသော Pre-Trial Interview Guideline နှင့်အညီ လိုက်နာဆောင်ရွက်ရန် အရေးကြီးပါသည်။

ကနဦးစမ်းသပ်ခဲ့သည့် ရှေ့ပြေးဥပဒေရုံး သုံးရုံး၏ အကောင်အထည်ဖော်နိုင်မှု ရလဒ်များအရ ၂၀၁၉ ခုနှစ်တွင် ခရိုင်ဥပဒေရုံး ငါးရုံးကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် နောက်ထပ် ၁၀ ရုံးကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် ခရိုင်ဥပဒေရုံး ငါးရုံးနှင့် မြို့နယ်ဥပဒေရုံး ငါးရုံးကိုလည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သောကြောင့် ရှေ့ပြေးဥပဒေရုံး ၂၈ ရုံး ရှိခဲ့ပါသည်။ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအောက်ရှိ မြို့နယ်ဥပဒေရုံး ၁၀ ရုံးကို ရှေ့ပြေးဥပဒေရုံးများအဖြစ် တိုးချဲ့သတ်မှတ်၍ ၂၀၂၆ ခုနှစ် မေ ၁၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့ရှိ မြို့နယ်ဥပဒေရုံး လေးရုံးကို ရှေ့ပြေးဥပဒေရုံးများအဖြစ် စတင်ဆောင်ရွက်စေခဲ့ပါသည်။ ယခုအခါ ရှေ့ပြေးဥပဒေရုံး စုစုပေါင်း ၃၈ ရုံးရှိပြီ ဖြစ်ပါသည်။ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် အညီဖြစ်သော တရားစွဲနှင့် အမှုလိုက်လုပ်ငန်း ဆောင်ရွက်ချက်အသစ်များကို လိုအပ်သလိုပေါင်းစပ် ကျင့်သုံးဆောင်ရွက်ရန် ရည်ရွယ်၍ သတ်မှတ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ပြီး ယင်းရှေ့ပြေးဥပဒေရုံးများ၏ အတွေ့အကြုံများအပေါ်အခြေခံကာ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ရှေ့ပြေးဥပဒေရုံးများ တိုးချဲ့သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ရှေ့ပြေးဥပဒေရုံးများအစီအစဉ်သည် ဥပဒေရုံးများ၏ ဥပဓိရုပ်နှင့် လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေပြီး နည်းပညာအသုံးပြုဆောင်ရွက်ခြင်းကြောင့် လုပ်ငန်းမြန်ဆန်မှု ရှိကာ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေပါသည်။ ထို့ပြင် အရေးကြီးသော အမှုများမှ နစ်နာသူနှင့် သက်သေများက တရားရုံးရှေ့ သက်သေမခံမီ တရားခွင်နှင့် ရင်းနှီးကျွမ်းဝင်စေပြီး အမှုအဖြစ်အပျက်ကို ပြန်လည်အမှတ်ရစေရန် ကြိုတင်ပြင်ဆင်ပေးခြင်းကြောင့် တရားရုံးရှေ့တွင် ပြည့်စုံ မှန်ကန်စွာ ထွက်ဆိုခြင်းဖြင့် တရားစီရင်မှုနှင့် တရားဥပဒေစိုးမိုးရေးကို အထောက်အကူ ဖြစ်စေပါသည်။

ရှေ့ပြေးဥပဒေရုံးများအစီအစဉ်အရ အမှုမှ နစ်နာသူ၊ တရားလိုနှင့် သက်သေတို့က အမှုကိစ္စနှင့်စပ်လျဉ်း၍ တင်ပြလိုသည့်ကိစ္စ၊ သိရှိလိုသည့်ကိစ္စတို့ကို တင်ပြမေးမြန်းနိုင်ရန် စုံစမ်းရေးဌာနများဖွင့်လှစ်၍ လက်ခံဆောင်ရွက်ပေးခြင်းကြောင့် အများပြည်သူက ဥပဒေရေးရာ အကြံဉာဏ်နှင့် အကူအညီရရှိရန် လက်လှမ်းမီသည့်အပြင် ဥပဒေရေးရာဝန်ကြီးဌာန၊ အဆင့်ဆင့်သောဥပဒေရုံးများ၊ ဥပဒေအရာရှိများ၏ လုပ်ငန်းဆောင်ရွက်ချက်အပေါ် ယုံကြည်ကိုးစားမှုတည်ဆောက်ခြင်းဖြင့် အများပြည်သူကို ဥပဒေ၏အကာအကွယ် အညီအမျှရရှိစေနိုင်ပြီး တရားဥပဒေစိုးမိုးရေးကို အဓိကအထောက်အကူ ဖြစ်စေနိုင်ပါကြောင်း ဖော်ပြအပ်ပါသည်။

❖ ❖ ❖

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး (၈၉) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် မေ ၁၉

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၂၆ ခုနှစ် ဧပြီ ၁ ရက်တွင်ပြည့်မြောက်ခဲ့သည့် (၈၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများကို (၈၉)နှစ်မြောက် ရုံးနှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းလွှာ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့နှင့် ဦးစီးဌာန သုံးခု၏ ဖွဲ့စည်းပုံနှင့်လုပ်ငန်းတာဝန်များကို Video Clip ဖြင့်ပြသ၍ နှစ်ပတ်လည် အထိမ်းအမှတ် စပ်ဆိုထားသည့် "မော်ကွန်းသစ် (သို့မဟုတ်) External OAG " ရုံးသီချင်း Video Clip ကို တင်ဆက်ပြသကာ ဓာတ်ပုံများခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် စီမံထူးချွန်ဆုရရှိသူများ၊ လုပ်ငန်းခွင်စွမ်းဆောင်ရည်အကောင်းဆုံးဆု၊ သင်ကြားမှုအကောင်းဆုံးဆု၊ သင်တန်းထူးချွန်ဆု၊ အသိပညာ၊ ဗဟုသုတမျှဝေတင်ပြမှုအကောင်းဆုံးဆု၊ တေးသီချင်းဆု၊ မဂ္ဂဇင်းစာမူရှင်ဆုရရှိသူ စုစုပေါင်း ၁၅၈ ဦးနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း သက်ပြည့်အငြိမ်းစားယူခဲ့သည့် ဝန်ထမ်း ၄၇ ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

### အမှာစကားပြောကြား

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များအရ သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအဖွဲ့အစည်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Pilot Project များ၊ ဦးစားပေးဆောင်ရွက်ရမည့်ကိစ္စရပ်များကို လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်း၊ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်းနှင့် Real Time Audit စစ်ဆေးမည့်လုပ်ငန်းစဉ်တို့နှင့်စပ်လျဉ်းသည့် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်း

နေပြည်တော် မေ ၁၉

ပြည်ထောင်စု နယ်မြေ နေပြည်တော်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌတို့ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို စိမ်းလန်းစိုပြည်သောမြို့ပြ(Green City)၊ သန့်ရှင်းသပ်ရပ်သောမြို့ပြ(Clean City) နှင့် ခေတ်မီနည်းပညာအခြေပြု စမတ်မြို့ပြ (Smart City)အဖြစ် ဘက်စုံကဏ္ဍစုံမှ ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အောင်သူရဦး(ဒက္ခိဏ)

# မကွေးမြို့နယ်၌ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

မကွေး မေ ၁၉

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မကွေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းက ကန်ပြား(အရှေ့)ကျေးရွာသို့ ကွင်းဆင်းကာ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းနိုင်က မြေငှားဂရန်ထုတ်ပေးရေးအတွက် လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် မြေပုံရေးကူးဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ကန်ပြား(အရှေ့)ကျေးရွာရှိ ကျေးရွာမြေ ၈၃ ဧကပေါ်တွင်အခြေစိုက်နေထိုင်သော အိမ်ထောင်စု ၅၅၅ စုအား ကျေးရွာမြေငှားဂရန် တရားဝင်ထုတ်ပေးနိုင်ရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)



# မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

ပြည် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်၌ ၂၀၂၆ ခုနှစ် (၂၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခရိုင်အဆင့် ပန်းချီကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ပြည်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



ထိုသို့ ပြိုင်ပွဲများကျင်းပနေမှုကို ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွန်းနိုင်၊ ပြည်ကွန်ပျူတာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ယုဇနနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ခရိုင်အဆင့်ပြိုင်ပွဲများတွင် အခြေခံပညာမူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် ပြိုင်ပွဲဝင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၁၁၃ ဦး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)

# ပဲခူးမြို့နယ်၌ သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲ ကျင်းပ

ပဲခူး မေ ၁၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိဝင်္ဂဘော်ကျေးရွာနှင့် ပျဉ်ပုံကျေးရွာတို့တွင် ယမန်နေ့က သဘာဝသစ်စိမ်းမြေဩဇာ ပိုက်ဆံလျှော်မျိုးစေ့ ပေးအပ်ပွဲနှင့် ကြဲပက်စိုက်ပျိုးပွဲကို ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပိုက်ဆံလျှော်သီးနှံအား သစ်စိမ်းမြေဩဇာအဖြစ် စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပဲခူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်မြေအသုံးချရေးတာဝန်ခံနှင့် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံတို့က တောင်သူလယ်သမားများလက်ဝယ်သို့ ပိုက်ဆံလျှော်မျိုးစေ့များ ပေးအပ်ခဲ့ပြီး လက်တွေ့ကြဲပက်ပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



# ဖျော်ဖြေရေးလုပ်ငန်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ စစ်ဆေး



ကျောက်တံတား မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် ခရိုင်အတွင်းရှိ မြို့နယ်များတွင် လုပ်ကိုင်နေကြသည့် ကာရာအိုကေ၊ စင်တင်တေးဂီတ အပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းများကို မေ ၁၈ ရက်က မြို့နယ်များအလိုက် စစ်ဆေးသည်။

### ကွင်းဆင်းစစ်ဆေး

ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က သက်ဆိုင်ရာမြို့နယ်များအတွင်းရှိ ကာရာအိုကေ၊ စင်တင်တေးဂီတများ အပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်ကျော်မိုး(ပြန်/ဆက်)

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များမှ အဖွဲ့ဝင် ၃၁၂ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ စနစ်တကျလွှဲပြောင်းအပ်နှံ

နေပြည်တော် မေ ၁၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘ အုပ်ထိန်းသူများထံသို့ ပြန်လည် လွှဲပြောင်းအပ်နှံပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံ အဖွဲ့များမှ အဖွဲ့ဝင်အမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး၊



စုစုပေါင်း ၃၁၂ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ရန်အောင်မြင် ခန်းမ၌ ကျင်းပပြုလုပ်ရာ မန္တလေး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဌေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင် အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေဆိုင်ရာ ပုဒ်မများအား အသိပညာပေး စကားများ ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့ နှင့် အတူပါရှိလာသည့် မောင်းပြန် ရိုင်ဖယ် သေနတ်ရှစ်လက်၊ M22 အမျိုးအစား သေနတ်တစ်လက်၊ KA-25 အမျိုးအစား သေနတ် တစ်လက်၊ Type 81 အမျိုးအစား သေနတ်နှစ်လက်၊ လက်လုပ် သေနတ်နှစ်လက်၊ လက်လုပ် စိန်ပြောင်းနှစ်လက်၊ ကျည်အိမ် မျိုးစုံ ၂၃ ခု၊ ကျည်မျိုးစုံ ၇၈၁ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၀ လုံးနှင့် ဗုံးသီး နှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် တိုင်းမှူးတို့က မောင်းပြန် ရိုင်ဖယ်သေနတ် ၁၂ လက်အတွက် ဆုကြေးငွေကျပ် သိန်း ၆၀၀၊ လက်လုပ်သေနတ် နှစ်လက် အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်လုပ်စိန်ပြောင်း နှစ်လက် အတွက် ဆုကြေးငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံး ၁၀ လုံးအတွက် ဆုကြေးငွေကျပ် သိန်း ၃၀၊ ဗုံးသီး နှစ်လုံးအတွက် ဆုကြေးငွေကျပ် ခြောက်သိန်းနှင့် လက်နက်မပါဘဲ ဥပဒေဘောင်အတွင်း ရောက်လာသူများအတွက် ငွေကျပ်သိန်း ၂၈၀ စုစုပေါင်းဆုကြေးငွေကျပ် ၉၄၆ သိန်းနှင့် စာသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင် အတွင်း ပြန်လည်ဝင်ရောက် လာကြသူများအား ခံဝန်ကတိ လက်မှတ်ရေးထိုးစေပြီး မိဘ အုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြသည်။

ယနေ့ အခမ်းအနားများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသ တည်ငြိမ်အေးချမ်းရေးကို အမှန် တကယ်လိုလားကြသည့် ဥပဒေ ဘောင်အတွင်း ပြန်လည် ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်း အပ်နှံခဲ့မှုအနေဖြင့် မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် မှ အမျိုးသား ၂၆ ဦး၊ အမျိုးသမီး လေးဦး၊ ချမ်းအေးသာစံမြို့နယ်မှ အမျိုးသားကိုးဦး၊ အမျိုးသမီး တစ်ဦး၊ မဟာအောင်မြေမြို့နယ်မှ အမျိုးသားနှစ်ဦး၊ ပြည်ကြီးတံခွန် မြို့နယ်မှ အမျိုးသားလေးဦး၊ အမရပူရမြို့နယ်မှ အမျိုးသား ၁၄ ဦး၊ အမျိုးသမီးတစ်ဦး၊ ပုသိမ်ကြီး မြို့နယ်မှ အမျိုးသားတစ်ဦး၊ ပြင်ဦးလွင်မြို့နယ်မှ အမျိုးသား ငါးဦး၊ မိတ္ထီလာမြို့နယ်မှ အမျိုးသား တစ်ဦး၊ မတ္တရာမြို့နယ်မှ အမျိုးသား ၅၄ ဦး၊ အမျိုးသမီးတစ်ဦး၊ စဉ့်ကူး မြို့နယ်မှ အမျိုးသား ၁၂ ဦး၊ အမျိုးသမီးနှစ်ဦး၊ သပိတ်ကျင်း မြို့နယ်မှ အမျိုးသား ၄၇ ဦး၊ အမျိုးသမီးနှစ်ဦး၊ မိုးမိတ်မြို့နယ်မှ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး တစ်ဦး၊ မြင်းခြံမြို့နယ်မှ အမျိုးသား ကိုးဦး၊ အမျိုးသမီးလေးဦး၊ ညောင်ဦး မြို့နယ်မှ အမျိုးသားလေးဦး၊ တောင်သာမြို့နယ်မှ အမျိုးသား တစ်ဦး၊ ချောက်မြို့နယ်မှ အမျိုးသား လေးဦး၊ ပျော်ဘွယ်မြို့နယ်မှ အမျိုးသားရှစ်ဦး၊ ကျောက်ဆည် မြို့နယ်မှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၁၃ ဦး၊ မြစ်သားမြို့နယ် မှ အမျိုးသားသုံးဦး၊ တံတားဦး မြို့နယ်မှ အမျိုးသားတစ်ဦး၊ စဉ့်ကိုင် မြို့နယ်မှ အမျိုးသားတစ်ဦး၊ စလင်းမြို့နယ်မှ အမျိုးသားသုံးဦး၊ စေတုတ္တရာမြို့နယ်မှ အမျိုးသား နှစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပွင့်ဖြူ မြို့နယ်မှ အမျိုးသားငါးဦး၊ တောင်တွင်းကြီး မြို့နယ်မှ အမျိုးသားနှစ်ဦး၊ နတ်မောက် မြို့နယ်မှ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ ပခုက္ကူမြို့နယ် မှ အမျိုးသား ၂၉ ဦး၊ အမျိုးသမီး လေးဦး၊ ပဒါန်းမြို့နယ်မှ အမျိုးသား တစ်ဦး၊ ငဖဲမြို့နယ် အမျိုးသားနှစ်ဦး ပေါင်း အမျိုးသား ၂၇၇ ဦးနှင့် အမျိုးသမီး ၃၅ ဦး စုစုပေါင်း ၃၁၂ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း သို့ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင် အများစုသည် မိသားစုဝင် ဆွေမျိုးများအား ခြိမ်းခြောက် အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရသူ များဖြစ်ပြီး အကြမ်းဖက်လုပ်ရပ် များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက် အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျ နှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန် ခြင်း၊ တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်မှုမရှိတော့ဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့ အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင် အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်း တို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား



စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြခြင်းဖြစ် ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက် လာကြသူ များအား ပြန်လည်ကြိုဆိုလက်ခံ ကာ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေး၍ မိဘအုပ်ထိန်း သူများထံသို့ စနစ်တကျပြန်လည် လွှဲအပ်ပေးလျက်ရှိရာ ဥပဒေ ဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိ နေသေးကြောင်းသိရှိရပြီး ဥပဒေ ဘောင်အတွင်း ပြန်လည်ဝင်ရောက် လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများ အတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက် လာကြသူများ၏ ရင်တွင်း စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်–

၁။ ကျွန်မ ဒီအကြမ်းဖက် အဖွဲ့ အစည်းကို ရောက်သွားတဲ့ အကြောင်းရင်းကတော့ ကျွန်မ မိဘတွေက ဆင်းရဲတဲ့အခါကျတော့ အလုပ်ရှာရမှာမို့လို့ပါ။ အလုပ်ရှာ သွားတော့ သူငယ်ချင်းတွေနဲ့ တွေ့ပါတယ်။ သူငယ်ချင်းတွေက ဟိုမှာအလုပ်လုပ်ရင် အဆင်ပြေ တယ်။ အလုပ်လုပ်ရင် အေးဆေးပဲ လစာကောင်းတယ်ဆိုလို့ ကျွန်မ လိုက်သွားဖြစ်ပါတယ်။ အချင်းချင်း ညှဉ်းပန်း နှိပ်စက်မှုတွေကိုလည်း တွေ့ခဲ့ရပါတယ်။ ထွက်ပြေးဖို့ ကြိုးစားတဲ့သူတွေလည်း ညှဉ်းပန်း နှိပ်စက်ပါတယ်။ တချို့တွေဆို သတ်ပစ်တယ်လို့ ထင်ရပါတယ်။ ဘယ်ရောက်သွားမှန်းတောင် မသိတော့ပါဘူး။ အဲဒါကြောင့် ကျွန်မတို့တောင် သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့ပါတယ်။ သင်တန်းကာလမှာလည်း အသက် မပြည့်သေးတဲ့ကလေး၊ မောင်ငယ်၊ ညီမငယ်တွေကို အများကြီး တွေ့ခဲ့ရပါတယ်။ တချို့ မိန်းကလေးတွေဆိုရင် တခြား အဖွဲ့အစည်းမှာ ရောင်းစားခံရတာ မျိုးလည်း တွေ့ရပါတယ်။ ရန်ပုံငွေ ရှာဖွေရေးဆိုပြီး အဖွဲ့ဖွဲ့ပြီးတော့ ရန်ပုံငွေရှာခိုင်းပါတယ်။ ရန်ပုံငွေ ရရှိလာတဲ့ ငွေတွေမှန်သမျှကို လည်း သူတို့မိသားစု ကောင်းစား ရေးအတွက်နဲ့ အကျိုးအတွက် အသုံးပြုပါတယ်။ ကျွန်မတို့ အတွက် ဘာမျှော်လင့်ချက်မှ မရှိပါဘူး။ ဒီအတိုင်းဆက်နေရင် ဘဝက လုံးပါးပါးပြီးတော့ သေရုံပဲ ရှိပါတော့တယ်။ အဲဒါကြောင့်မို့လို့ သူတို့လုပ်ရပ်တွေနဲ့ စိတ်ဓာတ် တွေကို မကြိုက်လို့ တပ်မတော်မှာ အလင်းလာဝင်ခြင်း ဖြစ်ပါတယ်။ တပ်မတော်မှာ အလင်းလာဝင်တဲ့ အခါကျတော့ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ အဲဒါကြောင့် တောထဲမှာကျန်ခဲ့တဲ့ သူငယ်ချင်းတွေကိုပြောချင်ပါတယ်။ တောထဲမှာ ကျန်နေခဲ့တဲ့ သူငယ် ချင်းများအားလုံးကို ပြောချင် တာကတော့ နိုင်ငံတော်ရဲ့ စေတနာကို နားလည်ပြီး အမြင်မှန် အမြန်ဆုံးရပြီးတော့ တပ်မတော် မှာ အလင်းလာဝင်ဖို့ ဖိတ်ခေါ်ပါ တယ်။

၂။ ကျွန်တော် ၂၀၂၄ ခုနှစ် ၈ လပိုင်းမှာ အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်ခဲ့ပါ တယ်။ ကျွန်တော် သင်တန်းတက် နေတဲ့အချိန်မှာ သင်တန်းကာလ အတွင်းမှာလည်း ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းနဲ့ နေခဲ့ရပါတယ်။ ကြံ့ခိုင်ဖို့ဆိုပြီး ခေါင်းစဉ်ပြပြီးမှ ကျွန်တော်တို့ကို အနိုင်ကျင့်တာမျိုး တွေလည်း ရှိခဲ့ပါတယ်။ ကျွန်တော် တို့ သင်တန်းဆင်းပြီးတဲ့အချိန်မှာ လည်း ဒီလမ်းတွေမှာ ဂိတ်တွေ ဘာတွေ စောင့်ရပါတယ်။ အခွန် ဆိုပြီးမှ ဆက်ကြေးတွေလည်း ကောက်ခဲ့ရပါတယ်။ ရတဲ့အခွန် တွေကိုလည်း သူတို့ရဲ့မိသားစု အတွက်ပဲ သူတို့ထောက်ပံ့ကြ တယ်။ သူတို့ဘာသူတို့ တိုက်တွေ ဆောက်တယ်။ ကားတွေဝယ် တယ်။ ကျွန်တော်တို့ ရဲဘော်တွေ မှာတော့ ချိုင်းထောက်တွေနဲ့ နောက်ပြီး ခြေပြတ်လက်ပြတ်တွေ အများကြီးရှိတယ်။ ကုသမှုစရိတ် တောင်မှ သူတို့မထုတ်ပေးပါဘူး။ ဒါကြောင့်မို့လို့ အလင်းဝင်ဖို့ဆုံးဖြတ် ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အလင်းဝင်မယ်လို့ ဆုံးဖြတ်တဲ့အခါ မှာလည်း ကျွန်တော်တို့ကို သူတို့ ဘက်က အမျိုးမျိုးပြောပါတယ်။ ဝါဒမှိုင်းတွေ တိုက်ပါတယ်။ အလင်းဝင်တာ တကယ်မဟုတ်ဘူး။ မင်းတို့ကို သူတို့က မိတာနဲ့သတ်မှာ ဆိုပြီး အမြဲတမ်းပြောပါတယ်။ မင်းတို့မိသားစုတွေနဲ့တွေ့ရ ဖို့ဆို တာလည်း မဖြစ်နိုင်ဘူးလို့ ပြောပါ တယ်။ စာမျက်နှာ ၁၀ သို့ ✷







# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရန်ကုန်တိုင်းဒေသကြီးရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၉**

စက်မှုနှင့်အသေးစား၊ အငယ်စား၊ အလတ်စား နှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ယနေ့နံနက်ပိုင်းတွင် ဆေးဝါးစက်ရုံ (အင်းစိန်)၌ တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ဝန်ကြီးဌာနအသီးသီးကို ဘဏ္ဍာရန်ပုံငွေများ သတ်မှတ်ခွဲဝေထားပြီးဖြစ်သဖြင့် သက်ဆိုင်ရာ ဦးစီး/လုပ်ငန်းများအနေဖြင့် ရရှိသည့် ဘဏ္ဍာရန်ပုံငွေများကို အလေအလွင့်မရှိအောင်နှင့် အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေးတို့အတွက် အစီအမံများ ချမှတ်ဆောင်ရွက်ရန် လိုအပ်သလို ဘဏ္ဍာရန်ပုံငွေများကို သတ်မှတ်ပြဋ္ဌာန်းထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စည်းကမ်းကျနစွာဖြင့် ရိုးရိုးသားသား နေထိုင်ကျင့်ကြံဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများနှင့်စက်ရုံမှူးများက လုပ်ငန်းဆောင်ရွက်မှုများအပေါ် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စစ်ကိုင်းခရိုင်အတွင်း ကျောင်းအပ်နှံမှု တိုးတက်လာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုတိုးတက်လာစေရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ မေ ၁၉**

စစ်ကိုင်းခရိုင်အတွင်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပညာရေးမှူးများက ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံမှု ပိုမိုတိုးတက်မြင့်မားလာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှု ပိုမိုတိုးတက်လာစေရေး ကြိုတင်စီမံဆောင်ရွက်ထားရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**








# နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၉**

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ အကောင်အထည်ဖော်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် ဗဟိုကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး လုပ်ငန်းတာဝန်ခံက လက်ရှိ PR လျှောက်ထားသူ မိသားစုအပါအဝင် ၃၆ ဦး၏ ကိုယ်ရေးအချက်အလက်များ၊ တစ်ဦးချင်း အမှတ်ပေးစနစ်ဖြင့် စိစစ်ထားရှိမှု၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်လူတွေ့စစ်ဆေးခံယူရန် ပျက်ကွက်ခဲ့သူများအနက် သုံးကြိမ်နှင့်အထက် ပျက်ကွက်ခဲ့သူများအခြေအနေ၊ လုပ်ငန်းကော်မတီမှ စိစစ်အကြံပြုချက်များ၊ ဗဟိုကော်မတီမှ စိစစ်ပြီးပါက ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဗဟိုကော်မတီအတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များက လူတွေ့စစ်ဆေးမှုခေါ်ယူရာတွင် ပျက်ကွက်မှုများအတွက် ဆက်လက်ဆောင်ရွက်နိုင်ရေးအခြေအနေများနှင့်စပ်လျဉ်း၍ ဝိုင်းဝန်းသုံးသပ် အကြံပြုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးကာ ဗဟိုကော်မတီမှ အတည်ပြုပြီးသူများကို လူတွေ့စစ်ဆေးအကဲဖြတ်မှု ဆက်လက်ဆောင်ရွက်နိုင်ရေး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အုတ်တွင်းမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**အုတ်တွင်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ဇောဓိကုန်းကျေးရွာရှိ ကျောင်းသား ကျောင်းသူများအား အသိပညာပေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။



အဆိုပါ အသိပညာပေး ဆောင်ရွက်ရာတွင် ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောသည်။ ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများအား အသိပညာ ဗဟုသုတများရရှိစေရန် အလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်ပြပွဲများ ပြသဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

✷ စာမျက်နှာ ၉ မှ

အခုလို ကျွန်တော်တို့ ရောက်လာတဲ့ အချိန်မှာ အထင်နဲ့အမြင် သူတို့ပြောကြတာတွေနဲ့ တလွဲစီဖြစ်နေပါတယ်။ ဒီမှာကျွန်တော်တို့ကို မောင်နှမအရင်းအချာလို စောင့်ရှောက်ပေးပါတယ်။ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကအစ အကုန်လုံး ကျွန်တော်တို့ကို စောင့်ရှောက်ပေးပါတယ်။ လူချည်းပဲလာခဲ့ပါ။ ဒီမှာ ခြင်ထောင်၊ စောင်၊ ခေါင်းအုံးကအစ အကုန်ပေးပါတယ်။ ဒါကြောင့်မို့ အခုလက်ရှိတောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေအပါဝင် တပ်မတော်ကြီးက အလင်းဝင်ဖို့ခေါ်တာလည်း တကယ်ဟုတ်ပါတယ်။ တကယ်လည်း နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ ဒါကြောင့်မို့ အမြန်ဆုံးလာရောက်ပါလို့ ဒီနေရာကနေ ပြောချင်ပါတယ်။

၃။ ကျွန်တော် ဒီအဖွဲ့ထဲကို ဝင်ရောက်ရတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့နယ်ကို သူတို့ရောက်လာခဲ့တယ်။ ရောက်လာပြီးတော့ မင်းတို့လူငယ်တွေ ဒီအဖွဲ့ကြီးထဲကို ဝင်ရမယ်လို့ ပြောပါတယ်။ ကျွန်တော် အဲလိုနဲ့ သင်တန်းကို ရောက်ခဲ့ပါတယ်။ သင်တန်းသုံးလ ဆင်းခဲ့ပါတယ်။ သင်တန်းသုံးလမှာလည်း ဗမာတွေဆိုပြီးတော့ နှိမ့်ချတာတွေ၊ အနိုင်ကျင့်တာတွေ၊ အချင်းချင်းနှိပ်စက်မှုတွေ အများကြီးကြုံခဲ့ရတယ်။ စစ်ကြောင်းနဲ့ ချိတ်ဆက်ပြီးတော့ ကျွန်တော် အလင်းဝင်ရောက်ခဲ့ပါတယ်။ အလင်းဝင်ရောက်တဲ့ အချိန်မှာလည်း တပ်မတော်ကနေပြီးတော့ ကျွန်တော်တို့ကို ညီအစ်ကို မောင်နှမအရင်းတွေလို သဘောထားတယ်။ ပြီးတော့ ကျွန်တော်တို့ အလင်းဝင်တဲ့ ညီအစ်ကိုတွေအားလုံးကိုလည်း တစုတစည်းတည်း ထားတယ်။ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေအားလုံးကို ပြောချင်တာကတော့ အမြန်ဆုံးအလင်းဝင်ရောက်ဖို့အတွက် ကျွန်တော်က ဖိတ်ခေါ်ပါတယ်လို့ ပြောချင်ပါတယ်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း မကွေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၉**

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အားကစားကွင်း/အားကစားရုံများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မင်းဘူးခရိုင်ဘောလုံးကွင်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် မိုးလုံလေလုံ အားကစားရုံတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မိုးလုံလေလုံအားကစားရုံတွင် အားကစားသမား ၂၄ ဦးတို့အား ဝူရှူးနည်းစနစ်ပိုင်းဆိုင်ရာ သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်ပြီး မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်အားကစားကွင်း/အားကစားရုံနှင့် တိုင်းဒေသကြီး အားကစားကွင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနရုံး၌ အရာထမ်း/အမှုထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြား၍ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ တင်ပြချက်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**တောင်ကြီး မေ ၁၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ပြည်နယ်ဝန်ကြီးများသည် ယနေ့နံနက်ပိုင်းက တောင်ကြီးမြို့ နောင်လေကျေးရွာအုပ်စု မဲတောင်းကျေးရွာရှိ တောင်ကြီးကွန်ပျူတာတက္ကသိုလ် LAB ခန်းမ၌ ကျင်းပသော အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ကွန်ပျူတာ ပန်းချီပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲကို အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးဦး၊ အလယ်တန်းအဆင့် ၂၂ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်းတို့က အမှာစကား ပြောကြားကြသည်။

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးက အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေတို့ကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမင်းဟန် ခေါင်းဆောင်၍ မန္တလေးတိုင်းဒေသကြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြင့်မော်ထွန်း(ပြန်/ဆက်)**



# ပန်းဘဲတန်းမြို့နယ်၌ မူခင်းကျဆင်းရေးအသိပညာပေး ဟောပြော



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်း ဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မူခင်းကျဆင်းစေရေး ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရွှေတိဂုံဘုရားလမ်းရှိ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဇေကရီခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောက်တံတားခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်က အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပန်းဘဲတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းလင်းအောင်၊ ပန်းဘဲတန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းစိုး၊ ပန်းဘဲတန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သန်းမောင်တို့က ပြစ်မှုကျူးလွန်ပါက ကျခံရမည့် ဥပဒေဆိုင်ရာ ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူလူထု၏ နေ့စဉ်ဘဝလုံခြုံရေးနှင့် မူခင်း လျော့နည်းကျဆင်းရေး၊ ဥပဒေအားကောင်းခြင်းဖြင့် ခိုးဆိုးလုယက်မှုများ လျော့နည်းရေးနှင့် မူခင်း ကြိုတင်ကာကွယ်ရေးတို့နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်ကျော်(ပြန်/ဆက်)**

# ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြော

**ဝမ်းတွင်း မေ ၁၉**

မန္တလေးတိုင်း ဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၁၇ ရက်က ဘုရားစုကျေးရွာတွင် ကျင်းပခဲ့သည်။

**ဆွေးနွေးပြောကြား**

အသိပညာပေး ဟောပြောပွဲတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးအောင်မျိုးချစ်အေးနှင့် ဒုတိယမြို့နယ်လျှပ်စစ် မန်နေဂျာ ဦးသိန်းထူးတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။



ယင်းနောက် ဝန်ထမ်းများက ဘုရားစုကျေးရွာမှ ဒေသခံပြည်သူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပြုရမည့်အချက်များပါဝင်သော အသိပညာပေး လက်ကမ်း စာစောင်များနှင့် အွန်လိုင်းမှ မီတာဘေပေးဆောင်ပုံအဆင့်ဆင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ နှမ်းစပါးစိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

**ပေါက်ခေါင်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိသော နွေစပါးစိုက်ခင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ပေါက်ခေါင်းမြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများ ပံ့ပိုးရယူဆောင်ရွက်လျက်ရှိသည့် ဝက်တိုးကျေးရွာ အသင်းသားတောင်သူ ဦးသိန်းဦး၏ လယ်မြေတွင် စိုက်ပျိုးထားသော ရေဆင်းပေါ်ဆန်း-၂ စပါးစိုက်ခင်းဖြစ်ထွန်းနေမှုအား မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

# ပုသိမ်မြို့၌ အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး



ပုသိမ် မေ ၁၉

အခွန်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်မြို့ ရောရွှေဝါ ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော် တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေး ခန်းမ(၁)၌ ကျင်းပသည့် ပုသိမ် စက်မှုစီမံကိန်းတွင် Satori Grande ကုမ္ပဏီလီမိတက်က လုပ်ငန်းသုံး ယာဉ်အမျိုးမျိုးတပ်ဆင်၊ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း၊ အချိုမှုန့်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်း၊ Fortune Empire Holdings ကုမ္ပဏီလီမိတက်က အင်ဂျင်ဝိုင်ထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည့် အခြေအနေ ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ကုမ္ပဏီ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းအလိုက် ထုတ်လုပ်ရောင်းချမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းဆိုင်ရာများကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့နယ်၌ မှူခင်းကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော



မြိတ် မေ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရဲတပ်ဖွဲ့က မှုခင်းကြိုတင် ကာကွယ်ရေးနှင့် မှုခင်းပညာပေးဟောပြောပွဲကို မေ ၁၈ ရက်တွင် ကလွင်ကျေးရွာအုပ်စု တောရအောက်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောရာတွင် ရဲအုပ်ဝင်းသိန်းက မှုခင်းများလျော့နည်းစေရေး အတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ မြို့မရဲတပ်ဖွဲ့စခန်း ဒုတိယစခန်းမှူး ရဲအုပ် သက်ပိုင်မှူးက ပြစ်မှုများမဖြစ်ပွားအောင် ကြိုတင် ကာကွယ်ရမည့်အချက်များကိုလည်းကောင်း၊ မြို့မရဲတပ်ဖွဲ့စခန်း စခန်းမှူး ဒုတိယရဲမှူးသော်ဇင်ဦးက မှုခင်းဖြစ်ပွားမှု၊ ဖော်ထုတ်ဖမ်းဆီးမှု အခြေအနေများကိုလည်းကောင်း၊ မြိတ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အေးဝင်းက ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော အမှုကြီးများ ဖော်ထုတ်ဖမ်းဆီးရရှိမှုများနှင့် ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းဟောပြောပြီး မှုခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးလင်းအောင် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၉

သာသနာရေးဝန်ကြီးဌာနက ဦးစီးကျင်းပသော အကြိမ်(၄၀) မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို နိုင်ငံအတွင်းရှိ စာဖြေဌာန ၄၇၀ တွင် ကျင်းပလျက်ရှိရာ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်သည် ယနေ့မွန်းလွဲပိုင်းက ပျဉ်းမနားမြို့ရှိ မင်္ဂလာဇုဗ္ဗူဟာ ခန်းမနှင့် လယ်ဝေးမြို့ရှိ သရက်တောကျောင်းတိုက်တို့တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု စာမေးပွဲဖြေဆိုနေကြသော ကျောင်းသား ကျောင်းသူများ အား သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲဖြေဆိုမှုကို ကြီးကြပ် ပေးသည့် ဆရာတော်ကြီးများအား စာမေးပွဲဖြေဆိုမှုနှင့်စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အကြိမ် (၄၀)မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို မေ ၁၈ ရက်တွင် ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်၊ မေ ၁၉ ရက်တွင် ဗုဒ္ဓဘာသာ မြန်မာစာဘာသာရပ်၊ မေ ၂၀ ရက်တွင် အခြေခံအဘိဓမ္မာဘာသာရပ်တို့ ဖြေဆိုကြပြီး ယဉ်ကျေးမှုကျင့်ဝတ်ဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ၂၄၅၃၉ ဦး၊ ဗုဒ္ဓဘာသာ မြန်မာစာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုသူ ၂၀၄၂၇ ဦး ရှိကာ အခြေခံအဘိဓမ္မာဘာသာရပ်ကို ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းသူ ၁၃၃၄၉ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**



# အောင်လံမြို့နယ်၌ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

အောင်လံ မေ ၁၉

၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေး ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောင်လံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ကျင်းပသည်။

ဦးစွာ အောင်လံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ် မန်နေဂျာ ဒေါ်မို့မို့က ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ တိုးမြှင့်ထုတ်ချေးပေးမှုဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား သည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက အောင်လံမြို့နယ် အတွင်းရှိ ၂၀၂၆ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ လျှောက်ထားကြသည့် ဒေသခံတောင်သူများထံသို့ တိုးမြှင့်ထုတ်ချေးငွေများ လွှဲပြောင်းပေးအပ် ခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**

# ပေါင်မြို့နယ်၌ သဘာဝမြေသြဇာ ထုတ်လုပ်နည်း သင်တန်းဖွင့်

ပေါင် မေ ၁၉

မွန်ပြည်နယ် ပေါင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက် အကူပြု သဘာဝမြေသြဇာ ထုတ်လုပ်နည်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ကန်ဖြူကျေးရွာခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုစန္ဒီအောင်က အမှာစကား ပြောကြားပြီး သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ သထုံခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်မာဝင်းက သဘာဝမြေသြဇာထုတ်လုပ်နည်းသင်တန်းကို ပို့ချခဲ့ သည်။ အဆိုပါသင်တန်းကို သုံးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြား ပြသမည်ဖြစ်ကြောင်းသိရသည်။ **မွန်မလေး(ပြန်/ဆက်)**





# မြောက်ဥက္ကလာပမြို့နယ်၌ သေနတ်ကိုင်ဓားပြ သုံးဦးကို ဝိုင်းဝန်းဖမ်းဆီးခဲ့သူများအား ဂုဏ်ပြု

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ သေနတ်ကိုင် ဓားပြ သုံးဦးကို ဝိုင်းဝန်းဖမ်းဆီးခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက အမှတ်(၄) အခြေခံပညာ အထက် တန်းကျောင်းရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်မှူးဖြိုးဝေလင်းက အမှာစကားပြောကြား ပြီး ဂုဏ်ပြုပွဲကျင်းပရေး ယာယီကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းဦးက ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တရား ဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မိမိအသက်ကို ပဓာနမထားဘဲ (၂)ရပ်ကွက်အတွင်း မေ ၇ ရက်တွင် ဖြစ်ပွားခဲ့သည့် ဓားပြမှုဖြစ်စဉ်တွင် သေနတ်ကိုင်ဓားပြ သုံးဦးကို ဝိုင်းဝန်းဖမ်းဆီးခဲ့သူ များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများကို တာဝန်ရှိသူ များက တစ်ဦးချင်း ချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ခိုင်စိုး**

# လားရှိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

လားရှိုး မေ ၁၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်များ ရရှိစေရေး ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများ၊ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသားကျောင်းသူ များအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။**

# ရေကြောင်းလူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ




နေပြည်တော် မေ ၁၉

ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် သင်တန်းနည်းပြများ၊ အုပ်ချုပ်သူများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်သို့ လေ့လာရေးခရီးသွားရောက်ကြသည်။

ဦးစွာ လေကြောင်းနှင့်အာကာသသိပ္ပံပညာရပ်များ၊ လေယာဉ်ပျံသန်းမှုနှင့်သက်ဆိုင်သော အထွေထွေဗဟုသုတများ၊ တပ်မတော်(လေ)တွင် အသုံးပြုလျက်ရှိသော လေယာဉ်/ ရဟတ်ယာဉ်များအကြောင်းကို တပ်မတော်(လေ)မှတာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်ရှိ တပ်မတော်လေယာဉ်များ၏ စွမ်းပကားနှင့် အခြားသိသင့်သိထိုက်သည်များကို စိတ်ပါဝင်စားစွာလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်း စခန်းပေါင်းစုံမှ သင်တန်းသား သင်တန်းသူများသည် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက်လေ့လာရေးခရီးလာရောက်ကြသော ရေကြောင်းလူငယ်သင်တန်းသား သင်တန်းသူများအား ပြခန်းခန်းမဆောင်၌ပြသထားသော နျူကလီးယားနည်းပညာအသုံးပြု၍ ရောဂါရှာဖွေမှု(တိုမိုဂရမ်) နမူနာပုံစံ၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ်ဓာတ်ပေါင်းဖိုအမျိုးအစားတစ်ခုဖြစ်သော RITM-200 ၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အလုပ်လုပ်ပုံပြနမူနာပုံစံ၊ ခန္ဓာကိုယ်၏ဓာတ်ရောင်ခြည်ပမာဏကို တိုင်းတာပြီး သဘာဝပတ်ဝန်းကျင်ရှိအရာဝတ္ထုပစ္စည်းများတွင်ပါရှိသော ဓာတ်ရောင်ခြည်ပမာဏနှင့် နှိုင်းယှဉ်ဖော်ပြပေးသည့် Radiometer စက်၊ နျူကလီးယားနည်းပညာဆိုင်ရာ အခြေခံအကြောင်းအရာများကို မေးခွန်းများမေး၍ ဖြေကြားနိုင်သည့် ပဟေဠိဂိမ်းစနစ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေစသည့် သဘာဝပတ်ဝန်းကျင်ရှိ အရာဝတ္ထုများတွင် ထွက်ရှိလျက်ရှိသော ရေဒီယိုသတ္တိကြွမှုကို တိုင်းတာဖော်ပြပေးသည့်စက်၊ နျူကလီးယားဓာတ်ပေါင်းဖိုတစ်ခု၏ အတွင်းပိုင်းပါဝင်ပစ္စည်းများနှင့် အဆင့်ဆင့် တည်ဆောက်ပုံကို 3D Virtual နည်းပညာဖြင့် ပုံဖော်ပြသထားသည့်ပုံစံငယ်နှင့် လေအားအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် Wind Turbine နမူနာပုံစံငယ်တို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရေကြောင်းလူငယ် သင်တန်းသား သင်တန်းသူများသည် ဗီဒီယိုပြခန်းမဆောင်၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဂုဏ်ပြုသရုပ်ဖော် ပြသထားသည့်သီချင်း MTV၊ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖိုများ၏အရေးပါမှုနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း ROSATOM ၏ အသေးစားလျှပ်စစ်ဓာတ်အားထုတ် ဓာတ်ပေါင်းဖို တည်ဆောက်မှုအတွေ့အကြုံများ ရှင်းလင်းတင်ပြမှု ဗီဒီယိုပြကွက်၊ နျူကလီးယားနှင့် ဓာတ်ရောင်ခြည်ဆိုင်ရာ အခြေခံအကြောင်းအရာများကို မြန်မာဘာသာဖြင့် ရှင်းလင်းပြောကြားထားသည့် ပြကွက်များ၊ ပိုစတာပြခန်းတွင် နျူကလီးယားနည်းပညာဖြင့် ကျန်းမာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ ပညာရေး၊ စက်မှုလုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍအသီးသီးတို့တွင် လက်တွေ့ကျကျအသုံးပြုနေခြင်းဆိုင်ရာ ပိုစတာများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံလေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် မေ ၁၉

အခြေခံ လေကြောင်းလူငယ် သင်တန်း အမှတ်စဉ်(၁၀)နှင့် တန်းမြင့်လေကြောင်း လူငယ်သင်တန်း အမှတ်စဉ်(၉) သင်တန်းသားများသည် ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ စစ်ကြောရေးနှင့် တည်းခိုရေး စခန်း၌ ဒုတိယနေ့အဖြစ် သင်တန်းစခန်းအလိုက် ပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် RC လေယာဉ် မောင်းပြိုင်ပွဲကို ကျင်းပရာ မြန်မာပြည်မြောက်ပိုင်း သင်တန်းစခန်း၊ မြန်မာပြည်တောင်ပိုင်း သင်တန်းစခန်း၊ ရန်ကုန်သင်တန်းစခန်း၊ မော်လမြိုင်သင်တန်းစခန်း၊ မြစ်ကြီးနားသင်တန်းစခန်း၊ နမ့်စန် သင်တန်းစခန်း၊ တောင်ကြီး သင်တန်းစခန်း၊ တောင်ငူ သင်တန်းစခန်း၊ လှိုင်ကော် သင်တန်းစခန်း၊ မြိတ်သင်တန်းစခန်း၊ မကွေး သင်တန်းစခန်း၊ မုံရွာ သင်တန်းစခန်း၊ ဟုမ္မလင်းသင်တန်းစခန်း၊ ပုသိမ်သင်တန်းစခန်း၊ မိတ္ထီလာ သင်တန်းစခန်း၊ နေပြည်တော် သင်တန်းစခန်း၊ ကျိုင်းတုံ သင်တန်းစခန်း၊ ပြည်သင်တန်းစခန်း၊ မန္တလေးသင်တန်းစခန်းနှင့် ကိုကိုးကျွန်း သင်တန်းစခန်း စသည့် သင်တန်းစခန်း ၂၀ မှ သင်တန်းသားများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

မွန်းလွဲပိုင်းတွင် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ RC ရဟတ်ယာဉ် မောင်းပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။

လေကြောင်းလူငယ် သင်တန်းသားများအနေဖြင့် ပျံသန်းမှုဆိုင်ရာ အခြေခံသဘောတရားများ၊ လေယာဉ်/ရဟတ်ယာဉ်များ၏ တည်ဆောက်ပုံဆိုင်ရာ အခြေခံသဘောတရားများကို သိရှိစေရန် ရည်ရွယ်၍ အဆိုပါပြိုင်ပွဲများကို ကျင်းပပေးခြင်း ဖြစ်ကြောင်းနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ သင်တန်းစခန်းအသီးသီးမှ အုပ်ချုပ်သူနည်းပြများ၊ ဆရာ ဆရာမများနှင့် သင်တန်းသားများက တက်ရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# ချောင်းဆုံမြို့နယ်၌ သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်

ချောင်းဆုံ မေ ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မေ ၁၈ ရက် ညနေပိုင်းက နတ်မှော်ကျေးရွာတွင် မုန်တိုင်းဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်မှုများကို ဆောင်ရွက်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးမျိုးဇော်ဦးနှင့် တပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းများနှင့် ဒေသခံပြည်သူများက ဇာတ်တိုက်လေ့ကျင့်သရုပ်ပြလှုပ်ရှားမှုများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

# ကျုံပျော်မြို့နယ်၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်



ကျုံပျော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အောင်ဆန်းရပ်ကွက် မြေရဲတောင်အုပ်စု တောင်သူ ဦးကျော်မြင့်ဦး၏ လယ်ယာမြေ ရှစ်ကေ၌ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြေရဲတောင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသို့ တိုင်းဒေသကြီး ဘတ်ဂျက်ဖြင့် ပံ့ပိုးပေးထားသည့် ထွန်စက်ဖြင့် မိုးစပါးစိုက်ပျိုးရန် မြေယာထွန်ယက်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းကြီးကြပ်သည်။

ထိုသို့ လယ်ယာဝန်ဆောင်မှုလုပ်ငန်းကို အသင်းသား တောင်သူများအပြင် ပုဂ္ဂလိကများကိုပါ သက်သာသောနှုန်းထားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ အခြေခံပညာကျောင်းများ၏ ကျောင်းအပ်နှံရေး ရက်သတ္တပတ်အတွင်း ရာနှုန်းပြည့် ကျောင်းအပ်နှံရေးအတွက် ကျောင်းအပ်နှံရေးနှိုးဆော်ချက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၉ ရက်နံနက်ပိုင်းက ရန်ကုန်-ပြည်ကားလမ်း မြို့လယ်မီးပွိုင့်လမ်းဆုံနှင့် မြို့မဈေးအတွင်း အပြင်ပတ်ဝန်းကျင်တို့တွင် ဆောင်ရွက်စဉ်။**

မြို့နယ်(ပြန်/ဆက်)

★ ကျောဖုံးမှ

ရန်သူမှာ အင်အားအဆမတန် ဖြည့်တင်းလာခြင်း၊ မိမိဘက်မှ အရာရှိ၊ စစ်သည်များ ထိခိုက်ဒဏ်ရာရရှိမှု များပြားလာခြင်းများနှင့် ဒေသခံပြည်သူများ၏တိုက်တာအိုးအိမ်များ ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန်အတွက် အဆင့်ဆင့်ခုခံ၍ စစ်နည်းဗျူဟာမြောက် ဆုတ်ခွာခဲ့သဖြင့် မောတောင်မြို့အား ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ယာယီစိုးမိုးခဲ့ကြသည်။

မောတောင်မြို့တွင် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေး စခန်းရှိပြီး တနင်္သာရီတိုင်း ဒေသကြီး၏ ရေထွက်ပစ္စည်းများ၊ စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများကို ထိုင်းနိုင်ငံသို့ တရားဝင်တင်ပို့သကဲ့သို့ တစ်ဖက်နိုင်ငံမှလည်း ကုန်စည်များ ဝင်ရောက်လျက်ရှိသော်လည်း KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နှစ်နိုင်ငံနယ်စပ်ကုန်စည်စီးဆင်းမှုများ ရပ်တန့်ထားခဲ့ရပြီး ဒေသခံပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုစီးပွားဘဝများလည်း ဆုံးရှုံးနစ်နာခဲ့ကြရသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် ဝိသမလောဘသမားများနှင့် ပူးပေါင်း၍ နိုင်ငံတော်၏ သဘာဝသယံဇာတပစ္စည်းများကို ကိုယ်ကျိုးစီးပွားအတွက် ခိုးထုတ်ရောင်းချခဲ့ကြသည်။**

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော မောတောင်မြို့အား ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ရန်နှင့် တနင်္သာရီ- ရေဖြူ- သိန်းခွန်- သဲဖြူ-မောတောင် လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် လိုအပ်သည့်ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ပြီး စစ်ကြောင်းများခွဲ၍အဆင့်ဆင့်ခြေကုပ်ယူကာ တစ်ဆင့်ပြီးတစ်ဆင့် အသက်ကိုပဓာနမထားဘဲ တုံးတိုက်တိုက်ကျားကိုက်ကိုက် စိတ်ဓာတ်ဖြင့် ၂၀၂၆ ခုနှစ် မေ ၅ ရက်မှစ၍ ပြန်လည်တိုက်စစ်ဆင် ဆင်နွှဲခဲ့ရာ မေ ၉ ရက်တွင် ရန်သူ၏ ယာယီစခန်းဖြစ်သည့် ပွိုင့် ၂၇၁ တောင်ကုန်းအား လည်းကောင်း၊ မေ ၁၂ ရက်တွင် ဖောင်ဆိပ်ကျေးရွာအနီးရှိ ရန်သူ့ယာယီခံစစ်နေရာ နှစ်ခုအားလည်းကောင်း၊ မေ ၁၃ ရက်တွင် ဖောင်ဆိပ်ကျေးရွာအားလည်းကောင်း၊ မေ ၁၅ ရက်တွင် နှုံးပွားကျေးရွာအားလည်းကောင်း၊ မေ ၁၆ ရက်တွင် အမှတ်(၅) ကျေးရွာအား လည်းကောင်း၊ မေ ၁၇ ရက်တွင် အမှတ်(၃) ကျေးရွာအားလည်းကောင်း၊ မေ ၁၈ ရက်တွင် အမှတ်(၁) ကျေးရွာအား လည်းကောင်း၊ မေ ၁၉ ရက် ယနေ့ညနေ ၄ နာရီတွင် မောတောင်မြို့အား လည်းကောင်း တပ်မတော်စစ်ကြောင်းများက အလုံးစုံပြန်လည် သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။ အဆိုပါ KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးစဉ် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားကို မငဲ့ကွက်ဘဲ အမှတ်(၉) ကျေးရွာတံတားနှင့် အမှတ်(၈) တံတားတို့အား မိုင်းထောင်ဖောက်ခွဲခြင်းများကို ယုတ်မာရိုင်းစိုင်းစွာ လုပ်ဆောင်ခဲ့ကြသည်။ **စာမျက်နှာ ၁၅ သို့ ★**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မောတောင်မြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်မှု မှတ်တမ်းဓာတ်ပုံ။

- KNU၊ KNLA နှင့် PDF **အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှုစီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကို ထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့**
- **မောတောင်- ကြိမ်ချောင်းဒေသမှထွက်ရှိသည့် နိုင်ငံတော်၏သဘာဝသယံဇာတများကို မတရားခိုးယူတူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရ**
- KNU၊ KNLA နှင့် PDF **အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံနယ်စပ်တည်ငြိမ်ရေးနှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့**



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ နယ်မြေရဲစခန်းအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားစဉ် မောတောင်မြို့ ကုန်သွယ်ရေးဇုန်အနီး မြို့ဝင်/ထွက်ဂိတ် ဆောက်လုပ်ထားမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းခွဲဖျက်ဆီးမှုကြောင့် အမှတ်(၈)တံတား ပျက်စီးမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ မိုင်းခွဲဖျက်ဆီးမှုကြောင့် အမှတ်(၉)တံတား ပျက်စီးမှုကို တွေ့ရစဉ်။



တပ်မတော်သားများက မောတောင်မြို့အတွင်း မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

❍ စာမျက်နှာ ၁၄ မှ

တပ်မတော်စစ်ကြောင်းများက မောတောင်မြို့နှင့် အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ တိုက်ပွဲငယ် ထိတွေ့မှုစုစုပေါင်း ၂၀၇ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၂၄ လောင်း၊ လက်နက်မျိုးစုံ ၂၅ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှအရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် မောတောင်မြို့အား ယာယီစိုးမိုးထားစဉ်အတွင်း အစိုးရ၏အုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန်အတွက် ဌာနဆိုင်ရာ အဆောက်အအုံများ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ နေအိမ်များအား ခံစစ်တံတိုင်းသဖွယ် အသုံးပြုခဲ့ကြပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းများကိုလည်း လုပ်ဆောင်ခဲ့ကြသည်။ ထို့ပြင် **KNU၊ KNLA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်ဒေသများတွင် အဓိကကုန်သွယ်မှု စီးပွားရေးဇုန်များ၊ လမ်းတံတားများနှင့် အခြေခံအဆောက်အအုံများကို အကြောင်းမဲ့တိုက်ခိုက်ဖျက်ဆီးခြင်းများသည် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုကို ထိခိုက်နစ်နာစေသည့်အပြင် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုလည်း ကြီးမားစွာနစ်နာစေခဲ့သည်။ မောတောင် - ကြိမ်ချောင်းဒေသမှ ထွက်ရှိသည့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို မတရားခိုးယူတူးဖော်ကာ တစ်ဖက်နိုင်ငံသို့ တရားမဝင်တင်ပို့ရောင်းချနေသဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများ များစွာဆုံးရှုံးနစ်နာခဲ့ရသည်။**

ယင်းအပြင် **KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် နယ်စပ်မြို့များ၌ ယာယီစိုးမိုးထားစဉ် နယ်စပ်ဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူကာ မူးယစ်ဆေးဝါးများရောင်းဝယ်ခြင်း၊ လူကုန်ကူးခြင်း၊ လက်နက်မှောင်ခိုလုပ်ခြင်း၊ အွန်လိုင်းလိမ်လည်မှုကျူးလွန်ခြင်းကဲ့သို့သော နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများကို ကျူးလွန်ခြင်းကြောင့် နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်ရေးနှင့် ကုန်သွယ်ရေးကို များစွာထိခိုက်စေခဲ့သည်။** ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဆင်ခြင်တုံတရား ကင်းမဲ့စွာ လုပ်ဆောင်ခဲ့ကြသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသခံပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာခဲ့ရကာ စစ်ပွဲ၏ အန္တရာယ်များကို ခံစားခဲ့ကြရပြီး ၎င်းတို့၏ တိုက်တာအိုးအိမ်များကို စွန့်ခွာ၍ တည်ငြိမ်အေးချမ်းသည့် ဒေသများသို့ ယာယီနေရပ်စွန့်ခွာခဲ့ကြရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ယာယီနေရပ်စွန့်ခွာခဲ့ကြရသည့် ဒေသခံပြည်သူများ မောတောင်မြို့အတွင်းသို့ အန္တရာယ်ကင်းရှင်းစွာ ပြန်လည်နေထိုင်နိုင်ရေး၊ အစိုးရအုပ်ချုပ်မှု ယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး ကျောင်းနေအရွယ် ကလေးသူငယ်များ စာသင်ကြားနိုင်ရန်အတွက် အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံ/ ဆေးခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်း၍ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်နိုင်ငံနယ်နိမိတ်ခြင်းထိစပ်နေသည့် နယ်စပ်ဒေသများသည် နှစ်နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့်သံတမန်ရေးရာ ပူးပေါင်းဆောင်ရွက်မှု၏ အသက်သွေးကြောများ ဖြစ်ကြသည်။ ထိုကဲ့သို့ အရေးပါသည့် နယ်စပ်ဒေသများတွင် KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ၏ လက်နက်ကိုင် အကြမ်းဖက်လုပ်ရပ်များသည် နှစ်နိုင်ငံလုံး၏ ရေရှည်အကျိုးစီးပွားများကို ဆိုးရွားစွာ ထိခိုက်ပျက်စီးစေသည့်အပြင်နှစ်ကာလရှည်ကြာစွာ ခိုင်မြဲခဲ့သည့် ချစ်ကြည်ရေးနှင့် အိမ်နီးချင်းကောင်း ဆက်ဆံရေးကိုပါ များစွာထိခိုက်စေသောကြောင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြသည်။

တပ်မတော်အနေဖြင့် မောတောင်မြို့အား သိမ်းပိုက်ရရှိခဲ့ခြင်းကြောင့် ဒေသခံပြည်သူလူထုများက မိမိနေရပ်သို့ ပြန်လည်အခြေချနေထိုင်နိုင်ပြီဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းကာ တနင်္သာရီ- မောတောင်လမ်းကြောင်းမှတစ်ဆင့် နှစ်နိုင်ငံ ကုန်စည်စီးဆင်းမှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည် ဖြစ်သည့်အပြင် ဒေသခံပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည် ဖြစ်သဖြင့် ဒေသခံပြည်သူများက ဝမ်းမြောက်လျက်ရှိပြီး တပ်မတော်စစ်ကြောင်းများအား အောင်သပြေပန်းများ၊ ဂုဏ်ပြုပန်းကုံးများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကြိုဆိုခဲ့ကြကြောင်း အောင်ပွဲရတိုက်ပွဲဝင် တပ်မတော်သားများအတွက် ဂုဏ်ယူစွာဖြင့် ရရှိသတင်းများကို ဖော်ပြအပ်ပါသည်။

**သတင်းစဉ်**

## မြောက်ဥက္ကလာပမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးဆောင်ရွက်




**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာ အသိပညာပေးအစီအစဉ်ကို မေ ၁၈ ရက်က မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း ဥက္ကလာသီရိပန်းခြံရှေ့၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် အသိပညာပေးရွေ့လျားယာဉ်များဖြင့် အသိပညာပေးဆောင်ရွက်ချက်မှတ်တမ်းများပြသခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ယာဉ်များတွင်အသိပညာပေးဆောင်ပုဒ်စတေကာများကပ်ပေးခြင်း၊ အမှိုက်လေးမျိုး(အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်၊ ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ)ခွဲခြားစွန့်ပစ်မှုကို လက်တွေ့ပြသခြင်း၊ ဝန်ထမ်းများက စွန့်ပစ်အမှိုက်အသိပညာပေးတေးသရုပ်ဖော်သီချင်းတို့ဖြင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးဆောင်ရွက်ရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးချိုထွန်းအောင်၊ မြောက်ဥက္ကလာပမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး



**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်း ဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးအရာရှိ ဦးဆန်းဦး ကြီးကြပ်မှုဖြင့် နိုင်သားစိစစ်ရေး ကတ်များအား နေ့ချင်းပြီး ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးရုံးအမှတ်(၇)ခန်းမ၌ ပြုလုပ်သည်။

ယင်းသို့ ပြုလုပ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရုံး လဝက မှူး ဦးချစ်စိန် ဦးဆောင်၍ ဝန်ထမ်းများကအသက် ၁၀ နှစ်ပြည့် နိုင်-၃ (က) နှင့် အသက် ၁၈ နှစ်ပြည့် နိုင်-၆ (က) များနှင့် UID ကတ်များ ပြုလုပ်ပေးကြပြီး ရပ်/ကျေးများသို့ ကွင်းဆင်းပြုလုပ်ထားသည့် နိုင်ငံသားစိစစ်ရေး ကတ်များကို ပြည်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**နိုင်ငံသားစိစစ်ရေး ကတ်ပြားထုတ်ပေးခြင်းနှင့် UID ထုတ်ပေးခြင်းများကို ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး၌ မေ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကြည့်ရှုအားပေးစဉ်။** ချမ်းစံ(ပြန်/ဆက်)

## စဉ့်ကူးမြို့၌ ကျောင်းအပ်နှံနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ



**စဉ့်ကူး မေ ၁၉**

မန္တလေး တိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးနှိုးဆော်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေး-စဉ့်ကူး-ရွှေဘိုကားလမ်းဆုံတွင် ဆောင်ရွက်သည်။

အဆိုပါ လက်ကမ်းစာစောင်များကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်ထွန်း၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများက ခရီးသွားပြည်သူများ၊ ဈေးရောင်း ဈေးဝယ်လာကြသူများနှင့် ဒေသခံပြည်သူများထံသို့ စောင်ရေ ၅၀၀ ခန့်အား ပေးဝေခဲ့သည်။

**တင်ဇာလွင်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ်၌ ဒေသန္တရ စီမံကိန်း တာဝန်ပေးအပ်

**ရန်ကုန် မေ ၁၉**

ရန်ကုန် တိုင်းဒေသကြီး အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို မေ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါ တာဝန်ပေးအပ်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဆွေက ဒေသန္တရစီမံကိန်းကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ဒေသန္တရစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအား လုပ်ငန်းတာဝန်များ ပေးအပ်သည်။



**ထွန်းလင်းကျော်(ပြန်/ဆက်)**

■

# ခန္တီးမြို့၌ MEVM မဲပေးစက်များ ထိန်းသိမ်းထားရှိမှု စစ်ဆေး



**ခန္တီး မေ ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမြင့်သိန်းတို့သည် မေ ၁၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ ထားရှိသည့် MEVM မဲပေးစက်များ ထိန်းသိမ်းထားသိုမှုကို မဲပေးစက်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ခရိုင်အထွေထွေအုပ်ချုပ်ရေး အစည်းအဝေးခန်းမ၌ MEVM မဲပေးစက်ကြီးကြပ်ရေးကော်မတီအဖွဲ့များနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေး၌ ပြည်ထောင်စုရွေးကောက်ပွဲကော် မရှင်အဖွဲ့ဝင်များက လိုအပ်သည်များ မှာကြားခဲ့သည်။

ဆက်လက်၍ ခန္တီးခရိုင်ရွေးကောက်ပွဲအရာရှိဦးဇော်ထွန်းနိုင်က ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်တို့ရှိ မဲပေးစက်များ သိုလှောင်ထားရှိမှုအခြေအနေကို တင်ပြပြီး ခန္တီးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်ထက်က ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တွေ့ကြုံခဲ့ရသည့် အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရေတာရှည်မြို့နယ်၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**ရေတာရှည် မေ ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ အခမ်းအနားမှူးသင်တန်းကို ယနေ့နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဥက္ကာသန်းက သင်တန်းမှချမှတ်သည့် စည်းမျဉ်း/စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်နှင့် ယခုသင်တန်းတွင် စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျောင်းသားကျောင်းသူ စုစုပေါင်းအင်အား ၄၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလ မေ ၁၈ ရက်မှ ၁၉ ရက်အထိ ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နတ်တလင်းမြို့နယ်၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ



**နတ်တလင်း မေ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အထက(နတ်တလင်း) မနောဟဒယခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဇော်မင်းနိုင်၊ ခရိုင်ရဲတပ်ဖွဲ့ ယာယီဒုတိယရဲမှူးကြီး မိုးကျော်ဟန်၊ ခရိုင်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ လာရောက်ကြည့်ရှုခဲ့ကြသည်။

ပြိုင်ပွဲတွင် ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၉၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုရရှိသူများအား အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## သရက်မြို့၌ ဝါသီးနှံမျိုးစေ့များ၊ မြေသြဇာများ ပေးအပ်

**သရက် မေ ၁၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ချည်မျှင်ရှည်ဝါတိုးချဲ့စိုက်ပျိုးမည့် တောင်သူများအား ဝါသီးနှံမျိုးစေ့များနှင့် စံပြကွက် စမ်းသပ်ဆောင်ရွက်သော တောင်သူများအား မြေသြဇာများ ပေးအပ်ပွဲကို ယမန်နေ့က စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်ဦးကြည်ဝင်းက အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက သရက်မြို့နယ်အတွက် ဝါသီးနှံမျိုးစေ့ ၁၀၀၅ ဧကအတွက် ၁၃၉၀ ပိဿာနှင့် ၃၁၀ ကီလို၊ အခြားသီးနှံ စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်းသီးနှံမျိုးစေ့ ၆၂ တင်းနှင့် စံပြကွက် ၁၀၅ ဧကအတွက် မျိုးစေ့နှင့် မြေသြဇာများကို တောင်သူများ လက်ဝယ်အရောက်ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားကာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်စိုးက ပံ့ပိုးပစ္စည်းများ၊ မျိုးစေ့များ ပံ့ပိုးပေးရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက တောင်သူများထံ ပံ့ပိုးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



## တောင်ကြီးမြို့နယ်၌ ဒုတိယအကြိမ် ပျားမွေးမြူရေး ပညာပေးသင်တန်းဖွင့်

**တောင်ကြီး မေ ၁၉**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တောင်ကြီးမြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးက ဒုတိယအကြိမ်ပြည်သူတိုးချဲ့ပညာပေးသင်တန်းကို မေ ၁၈ ရက် နံနက်ပိုင်းက တောင်ဦးကျေးရွာ၌ ဖွင့်လှစ်သည်။

သင်တန်းတွင် တောင်ကြီးမြို့နယ်တာဝန်ခံ ဦးသင်းဦးဝင်းက ပျားအုံတစ်အုံ၏ ဖွဲ့စည်းပုံ၊ ပျားရောဂါ၊ ပျားမွေးမြူခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူး၊ ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ နှမ်း တို့ကို ပျားဖြင့် ဝတ်မှုန်ကူးပေးခြင်းသည် သီးနှံများအထွက်တိုးစေနိုင်ကြောင်း အသိပညာပေး ပြောကြားသည်။

ထို့နောက် သင်တန်းသား ၂၀ တို့အား ပျားအုံဖြင့် လက်တွေ့သရုပ်ပြခြင်းဆောင်ရွက်ခဲ့ပြီး သင်တန်းကို မေ ၁၈ ရက်မှ ၂၂ ရက်အထိ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## သာစည်မြို့၌ ကျောင်းအပ်နှံရေးသီတင်းပတ်လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**သာစည် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်လှုပ်ရှားမှု အသိပညာပေးလက်ကမ်းစာစောင်များကို ယနေ့နံနက်ပိုင်းက ဖြန့်ဝေခဲ့သည်။

လက်ကမ်းစာစောင်များကို လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် တာဝန်ရှိသူများက မိတ္ထီလာ-တောင်ကြီးလမ်း ပြန်/ဆက်ရုံးရှေ့၊ မိတ္ထီလာ-တောင်ကြီးလမ်းနှင့် အထက(၁)လမ်းဆုံအနီးနှင့် မြို့မဈေးကြီးတို့တွင် ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





## မူဆယ်မြို့၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပ

**မူဆယ် မေ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၂၉)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ယမန်နေ့နံနက်ပိုင်းက အထက(၂) စံပယ်ဆောင်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အဆိုပါပြိုင်ပွဲတွင် မူဆယ်မြို့ပေါ်ရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသားကျောင်းသူ ၇၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစန်းမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးတင်အောင်**

ညွန်ကြားရေးမှူး (ငြိမ်း)၊ စက်မှု-၂

**အသက် (၈၃)နှစ်**

(ဒေါ်ညွန့်ညွန့်ကျင်)၏ ချစ်လှစွာသော ခင်ပွန်း သူငယ်ချင်း ဦးတင်အောင်သည် ၁၅-၅-၂၀၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ပါ၍ ကျန်ရစ်သူ မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း ကောင်းရာ သုဂတိလားပါစေ။

**စတသ(၇)မှ သူငယ်ချင်းများနှင့်မိသားစုများ**

## ဦးဘရိုန် (ဦးကိုလတ်)

သမဦးစီးဌာန (ငြိမ်း)

**အသက် (၈၀)နှစ်**

(ဦးအောင်သိန်း- ဒေါ်စိန်စိန်)တို့၏ သား၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်နေ ဒေါ်မြင့်မြင့်ကြည် (သမဦးစီးဌာနစုမှူး-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုသန့်စင်ထူး-မယဉ်မေပိုး၊ ကိုနေဝင်းမြင့်ကျော်-မထူးထူးဆု၊ ကိုဟိန်းထက်အောင်- မစိုးပြည့်ပြည့်ထူးတို့၏ ချစ်လှစွာသောဖခင်၊ မြေး မေဖြူစင်သန့်၊ ယွန်းထူးအိမ်၊ ပိုးအိဖြူစင်၊ ဟန်ဘုန်းခန့်သော်တို့၏ အဘိုးသည် ၁၉-၅-၂၀၂၆ (အင်္ဂါနေ့) မြန်မာစံတော်ချိန် နံနက် ၁:၂၄ နာရီတွင် ရန်ကုန်မြို့၊ အာယုဆေးရုံကြီး၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးသိန်းတင်အောင်

**အသက် (၅၈) နှစ်**

ရန်ကုန်မြို့နေ (ဦးသိန်းအောင်-ဒေါ်ခင်ခင်ဝင်း) တို့၏သားငယ်၊ ကျောက်မဲမြို့နေ(ဦးသန်းမြင့်-ဒေါ်မွှမ်းဆာ) တို့၏ သားသမက်၊ ဒေါက်တာနန်းညိုညိုဝင်း ၏ ချစ်လှစွာသောခင်ပွန်း၊ မအင်ကြင်းဖြူဖြူ ၏ ဖခင်၊ ဦးရဲထွဋ်အောင် - ဒေါ်ခင်ဝင်းမာထွန်း၊ ဦးသိန်းဌေး-ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သိန်းဝင်း တို့၏ ညီ/မောင် ၊ ဦးဘုန်းမြတ်ဆွေ-ဒေါ်ဝတ်ရည်ဝင်း၊ Dr နေဇော်ထက်၊ Dr ဟိန်းအောင်စိုး- ဒေါ်ဖြူမွန်မွန်သိန်း တို့၏ ဦးလေး ဦးသိန်းတင်အောင် (အသက် ၅၈ နှစ်) သည် ၁၉-၅-၂၀၂၆ ရက်နေ့ နံနက် ၁၁:၁၅ နာရီအချိန်တွင် ရွှေလမင်းဆေးရုံ၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၉-၅-၂၀၂၆ ရက်နေ့ ညနေ ၆:၀၀ နာရီအချိန်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅-၅-၂၀၂၆ ရက် (တနင်္လာနေ့) နံက် ၇ နာရီမှ ၁၀ နာရီအချိန်ထိ အမှတ် ၁၄/ခ၊ ဘုရင့်နောင် ၃ လမ်း၊ ကျောက်ရေတွင်း ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ကြပါရန် ဆွေမျိုးမိတ်သင်္ဂဟတို့အား ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၆-၅-၂၀၂၆ ရက်တွင် ကွယ်လွန်သွားသော အလုပ်သမားဆေးရုံကြီး၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာ ဦးဦးဟန် နာမကျန်းဖြစ်ချိန်မှစ၍ စေတနာဖြင့် ဆေးကုသပေးခဲ့ကြသော အထူးကုဆရာဝန်ကြီးများ၊ နာရေးနှင့် ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ပေးပါသော ဆရာဝန်ကြီးများ၊ လုပ်ဖော်ကိုင်ဖက်သူငယ်ချင်းများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဦးမောင်မောင်သော်

B.E (Civil) 1980-81 (အိုးအိမ်)

**အသက် (၆၉)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားလမ်း၊ ခြံအမှတ်(၂)နေ (ဦးလှကြိုင်-ဒေါ်စောညွန့်)တို့၏သား၊ ဒေါ်နုနုရီ၊ ဒေါ်ဥမ္မာကြိုင်၊ (ဦးထွန်းအောင်)တို့၏ အစ်ကိုကြီး၊ မရည်မွန်သော်၊ မမြတ်မွန်သော်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဒေါ်အေးအေးမြင့် (ဒုညွှန်/ချုပ်-ငြိမ်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၅-၂၀၂၆ (တနင်္လာနေ့) နံနက် ၁၁:၄၄ နာရီတွင် ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားပါ၍ ယင်းနေ့ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၅-၂၀၂၆(တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ဘုရားအမှူးရှိသော ပင့်သံဃာတို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ညှိုးငယ်သောစိတ်ဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ(Australia)

**အသက် (၈၄)နှစ်**

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါ တို့၏ ချစ်လှစွာသောဖခင် မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက်(၈၄)နှစ်သည် ၁၆-၅-၂၀၂၆ ရက် ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Board of Directors**
**CB BANK**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၅၅၂)၊ အကျယ်အဝန်း (၄၀x ၆၀)ပေရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ထံမှ အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နော်အယ်ဝါး [၇/ မလန (နိုင်)၀၆၇၆၃၃]မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ (၂၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ( ၂/မြောက်)၊ မြေကွက်အမှတ် (၄၉၅-က) ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသိန်းနိုင် [၁၂/သကတ(နိုင်)၂၄၄၁၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာအေး [၁၂/လကန(နိုင်) ၀၁၅၅၇၁]သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ယင်းမြေကွက်၏ အရောင်းတန်ဖိုးငွေကျပ် တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေ၍ စာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို တိကျခိုင်လုံသည့် သက်သေအထောက်အထားများ၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်တင်တင်အေး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၆၄၁၀)**
**အမှတ် (၁၂၅)၊ သီတာနွယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-763825397, 09-449475115**

## အထူးဝမ်းနည်းကြေကွဲခြင်း

မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ(Australia)

**အသက် (၈၄)နှစ်**

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါ တို့၏ ချစ်လှစွာသောဖခင် မေ့ဆေး ဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက်(၈၄)နှစ်သည် ၁၆-၅-၂၀၂၆ ရက် ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**KMA Group of Companies**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ ဗိုလ်ဇင်ယော်လမ်း၊ အမှတ် (၃၅၃)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ မြေကွက်ကြီးထဲမှ တရားဝင်မခွဲစိတ်ရသေးသော (၂၀ပေx ၆၀ပေ)ရှိ (ခေါင်းရင်းဘက်ခြမ်း) မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အဦ (ရေ၊ လျှပ်စစ်မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်သည့် ဦးထက်ဆန်းအောင် [၁၂/ဒဂဆ(နိုင်)၀၂၂၅၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဝင်း (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၀၈၄/၂၀၀၂)**
**အမှတ် (၁၆၂၀/က)၊ ဦးမင်းလမ်း၊ (၄၂)ရပ်ကွက်၊ (မ/ဒဂုံ)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၁၉၉၆၁၊ ၀၉-၉၇၉၈၈၁၇၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ လူနေရပ်ကွက် အမှတ်- ၇၂၊ ယုဇနလမ်း၊ မြေကွက်အမှတ် (၃၃၅/ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ မြေချပါမစ် မြေကွက်အား အမည်ပေါက်ပိုင်ရှင် ဦးမူသူးရာဂျူး(ခ)ဦးသန်းထွန်းအောင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီး ဒေါ်ကြည်ကြည်အေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ **ဒေါ်မြင့်မြင့်ဆွေ [၁၂/သဃက(နိုင်) ၁၁၆၆၂၅]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်းစာရွက်စာတမ်းမူရင်းများဖြင့် လူကိုယ်တိုင် မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ချမ်းမိုးမိုးဌေး(LL.B)** | **ဦးအောင်ဆွေဝင်း (LL.B, D.B.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်- ၈၇၅၅)** |
| **(စဉ်-၅၆၀၅၄)** | **အမှတ်(၄၈)၊ မိုးမခလမ်း၊** |
| **၀၉-၇၇၃၈၃၅၃၀၅** | **စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း- ၀၉-၄၄၀၂၂၃၈၂၇** |

## အထူးဝမ်းနည်းကြေကွဲခြင်း

မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ(Australia)

**အသက် (၈၄)နှစ်**

ဦးကျော်လင်း (Vice Chairman CB Bank) - သမီး ဒေါ်ခိုင်ရွှေဝါ တို့၏ ချစ်လှစွာသောဖခင်၊ မောင်စီစဉ်ကျော်လင်း၊ မောင်အခရာကျော်လင်းတို့၏ ချစ်လှစွာသောအဘိုး မေ့ဆေးဆရာဝန်ကြီး ဒေါက်တာမြင့်ဆွေ အသက် (၈၄) နှစ်သည် ၁၆-၅-၂၀၂၆ ရက် ည ၁၁:၁၄ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Kaytumadi Company Limited**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂-လမ်း၊ အမှတ် (၇၇၇)၊ အကျယ်အဝန်း (၁၃'x၆၀')ရှိ (မြေညီထပ်)တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားသူ ဒေါ်ကြည်ကြည်အေး ကွယ်လွန်သွားသဖြင့် ၎င်း၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူ ညီမများဖြစ်သည့် ၁။ ဒေါ်ကြည်ကြည်သိန်း၊ ၂။ ဒေါ်ကြည်ကြည်ဝင်း၊ ၃။ ဒေါ်လှိုင်လှိုင်ဝေတို့မှ ယနေ့တိုင်လက်ရှိထားပိုင်ဆိုင်ကြောင်းနှင့် အပေါင်နှံအရှုပ်အရှင်းကင်းရှင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝယ်ယူသူအား ကမ်းလှမ်းပြောဆိုလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မာမာဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးစရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်အေးမာ (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၈၅၆)**
**အမှတ်- ၄၆၇ ၊ တပင်ရွှေထီးလမ်း၊ ၃၉/အေ-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉- ၄၂၀၀၃၉၄၇၀**

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၅-၂၀၂၆)ရက်နေ့၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၁)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးမွန်အောင်၏ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်နိုင်ကြောင်းကြေညာချက်တွင် မြေတိုင်းရပ်ကွက်အမှတ် (၈၈၅)အစား (၈၅)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၀၊ မြေကွက်အမှတ်- ၄၆၉၊ မြေကွက်တည်နေရာ အမှတ်(၄၆၉)၊ စိန်ချယ်ရီမြင့်လမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်မြညွန့် [၁၂/အစန (နိုင်) ၀၁၅၃၅၆]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်မြညွန့်[၁၂/အစန(နိုင်) ၀၁၅၃၅၆] ထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၂၂၇၈/ ၂၀၂၆(၁၁-၃-၂၀၂၆)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီလာဦး[၁၂/အစန (နိုင်) ၀၁၅၃၅၅]မှ ဂရန်၊ နိုင်/ကတ်၊ အရောင်းအဝယ်စာချုပ်၊ အမြတ်ခွန်ချလန်တို့တင်ပြ၍ အမည်ပြောင်းလျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေပြင်တွင် မြေကွက်လပ်ဖြစ်ပြီး ကိုယ်တိုင်နေထိုင်ခြင်းမရှိပါ။ ကွင်းဆင်းစစ်ဆေးသည်ကိုသိရှိကြောင်း ကွင်းဆင်းပုံစံပေါ်တွင် လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်နီလာဦးမှ အမည်ပြောင်းလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက KNU၊ KNLA နှင့် PDF အမည်ခံ ကိုယ်ကျိုးရှာအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသော မောတောင်မြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နှစ်နိုင်ငံကုန်စည်စီးဆင်းမှုများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်

နေပြည်တော် မေ ၁၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း တည်ရှိသည့် မောတောင်မြို့သည် မြန်မာနိုင်ငံအောက်ပိုင်းရှိ အရှေ့ဘက် အကျဆုံးမြို့ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ထိစပ်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေးစခန်းရှိသည့် နယ်စပ်မြို့ဖြစ်သည်။ မြန်မာနိုင်ငံမှ ရေထွက်ပစ္စည်းများနှင့် ဒေသထွက်ကုန်များကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချရာ၌ မြိတ်-မောတောင်မှ ထိုင်းနိုင်ငံသို့ တင်ပို့ပါက အချိန် ၇ နာရီခန့်သာကြာသည့် အနီးဆုံးလမ်းကြောင်းဖြစ်ပြီး မောတောင်မြို့မှာ စီးပွားရေးအရ အရေးပါသည့် နယ်စပ်မြို့တစ်မြို့လည်းဖြစ်သည်။

ထိုသို့ နိုင်ငံတော်အတွက် အရေးပါသော နယ်စပ်မြို့ဖြစ်သည့် မောတောင်မြို့၌ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေထိုင်ကြသည့် ပြည်သူများအား CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ KNU၊ KNLA နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများ ပို့ချပေးကာ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးပြီး မောတောင်မြို့ရှိလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အင်အားအလုံးအရင်းအသုံးပြု၍ အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြရာ တပ်မတော်စစ်ကြောင်းများအနေဖြင့် မောတောင်မြို့အား ရန်သူ့လက်အောက်သို့ကျရောက်မှုမရှိစေရေး အသက်ကိုပဓာနမထားဘဲ ခုခံခဲ့ကြသော်လည်း စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ★



တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မောတောင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ စတင်ကျင်းပ

နေပြည်တော် မေ ၁၉

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့တွင် ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့၌ ဇုန်လေးဇုန်ခွဲ၍ ကျင်းပသည်။ စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

# ကမ္ဘောဇလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအသင်း သုံးယောက်တွဲပြိုင်ပွဲ၌ ဒုတိယ၊ လေးယောက်တွဲပြိုင်ပွဲ၌ တတိယရရှိ

ရန်ကုန် မေ ၁၉

၂၀၂၆ ကမ္ဘောဇလား ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေ ၁၉ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် သုံးယောက်တွဲပြိုင်ပွဲ၌ ဒုတိယ၊ လေးယောက်တွဲပြိုင်ပွဲ၌ တတိယရရှိသည်။ သုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းက အိမ်ရှင်မလေးရှားအသင်းကို နှစ်ပွဲပြတ်၊ ထိုင်းအသင်းက တောင်ကိုရီးယားအသင်းကို ၂-၁ ပွဲဖြင့် အနိုင်ရရှိသည်။

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ☆



သုံးယောက်တွဲပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# အာဆင်နယ်အသင်း ပရီမီယာလိဂ်ချန်ပီယံဖြစ်ရန် ရာနှုန်းပြည့်နီးစပ်လာ



အာဆင်နယ်အသင်းနှင့် ဘန်လေအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဆင်နယ်အသင်းဟာ မေ ၁၉ ရက် နံနက်ပိုင်းက အိမ်ကွင်း အမ်းမရိတ်၌ ဘန်လေအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ အနိုင်ရရှိခဲ့ပြီးနောက် ပရီမီယာလိဂ် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ဖို့ ရာနှုန်းပြည့်နီးစပ်လာခဲ့ပြီဖြစ်ပါတယ်။

အာဆင်နယ်အသင်းနဲ့ ဘန်လေအသင်းတို့ပွဲစဉ်မှာ အာဆင်နယ် စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ✴

## ယနေ့ ဖတ်စရာ

ရေကြောင်းလှူငယ် အခြေခံနှင့်တန်းမြင့်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ မင်္ဂလာဒုံမြို့နယ်ရှိ လေတပ်စခန်းဌာနချုပ်နှင့် လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာသတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ စာမျက်နှာ » ၁၃

အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၁ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ် စာမျက်နှာ » ၁၆